တပေါ်စ တော် မင်္ဂလ မုတ္တမ်၊ မြိုးမြစ်စွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၁၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သုံးနိုင်ငံချစ်ကြည်ရေးခရီးမှပြန်လည်ရောက်ရှိလာသောနိုင်ငံတော်ဝန်ကြီးချုပ်အားကြိုဆိုနှုတ်ဆက်

ရန်ကုန် ဩဂုတ် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့် ကမ္ဘောဒီးယား နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်တို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ယနေ့ ညနေ ၅ နာရီ မိနစ် ၄၀တွင် အပြည်ပြည် ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်မှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

၂၀၀၆ခုနှစ်အာဆီယံအသင်းဥက္ကဋ္ဌအဖြစ်မြန်မာနိုင်ငံကအောင်မြင်စွာဆောင်ရွက်နိုင်မည်ယုံကြည် အာရှ–ဥရောပထိပ်သီးအစည်းအဝေးမြန်မာနိုင်ငံတက်ရောက်ရေးဗီယက်နမ်နိုင်ငံထောက်ခံ

ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်

သတင်းအကျယ်ကျောဖုံး

မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးမူဝါဒလမ်းစဉ်များအောင်မြင်မည်ယုံကြည် မြန်မာနိုင်ငံ၏ကံကြမ္မာကို မြန်မာနိုင်ငံကသာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိ

ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး မစ္စတာနွန်ဒွတ်မင်း

သတင်းအကျယ် စာ–၅

မြန်မာနိုင်ငံ၏ကြိုးပမ်းဆောင်ရွက်မှုများအပေါ် မိမိတို့စာနာနားလည်မှုရှိ လွတ်လပ်ရေးနှင့်အချုပ်အခြာတည်တံ့ခိုင်မြဲရေးမည်မျှရင်းနှီးပေးဆပ်ရသည်ကိုနားလည်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာငုယင်ဗန်အန်

သတင်းအကျယ် စာ–၆

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)

နိုင်ငံတော်၊ ပြည်သူနှင့်လုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းရေး လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြိုးပမ်း

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ပြီး အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်နိုင်ရေးအတွက် အသွင်ကူးပြောင်းဆောင်ရွက်ရာတွင် နိုင်ငံတော်၏ စီးပွားရေးခိုင်မာတောင့်တင်းပြီး ပြည်သူများစားဝတ်နေရေး ဖူလုံ ပြည့်စုံလျက် လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးသည် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည်။

သို့ဖြစ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည့် အမျိုးသားစီးပွားရေး တောင့်တင်းခိုင်မာရေးတွင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"တိုင်းပြည်၏ စီးပွားရေးသည် အခြေခံအားဖြင့် စိုက်ပျိုးရေးအပေါ် တည်မှီနေသည့်အလျောက် စီးပွားရေးအခြေအနေကောင်းများ ပေါ်ထွန်းလာရန်မှာလည်း အဓိကအားဖြင့် မိုးရာသီအတွင်း လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်လာရေးသည် အလွန်ပင်အရေးကြီးကြောင်း၊ လယ်ယာလုပ်ငန်းခွင်တွင် စိုက်ပျိုးကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ဖိဖိစီးစီး လုပ်ကိုင်ကြရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဦးဆောင်ဦးရွက်ပြုပြီး ထိရောက်အောင်မြင်စွာဖြင့် ကြိုးပမ်းအားထုတ် လုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း"

လမ်းညွှန်မိန့်ကြားထားသည်။

ဆီအုန်းလုပ်ငန်းနှင့် လယ်မြေ၊ ယာမြေ ဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၉ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းက အမှာစကားပြောကြားရာတွင်–

"နိုင်ငံတော်အစိုးရအနေဖြင့် မိမိပြည်သူများ၏အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ အမြဲထာဝရ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အတူ ယခင်ခေတ်ကာလက မရှိခဲ့သည့် တိုင်းရင်းသား ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ထွန်းလာစေရန် မိမိတို့ တပ်မတော်အစိုးရလက်ထက်တွင် မြေတောင်မြှောက်အားပေးတည်ထောင်ပေးခဲ့သည်ကို အထင်အရှားတွေ့ရှိရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယနေ့နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအပိုင်းက စွမ်းအားပြည့် ပါဝင်ပူးပေါင်းလက်တွဲပြီး နိုင်ငံတော် အတွက်ရော၊ မိမိတို့စီးပွားရေးလုပ်ငန်းရှင်များအတွက်ရော၊ ပြည်သူများအတွက်ပါ အကျိုးကျေးဇူး ဖြစ်ထွန်းစေရအောင် အလေးထားဆောင်ရွက်ပေးကြရန်"

မှာကြားသွားသည်။

ပြည်တွင်းစားသုံးရန်လိုအပ်သည့် အဓိကသီးနှံများနှင့် ဈေးကွက်ဝင်ပို့ကုန်သီးနှံများကို ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ စိုက်ပျိုးလာစေရန်နှင့် ပြည်တွင်းပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက် ဖွံ့ဖြိုးလာစေရန် ရည်ရွယ်ချက်ဖြင့် ယခင်ခေတ်ကာလများက နိုင်ငံတော် အစိုးရအနေဖြင့် တစ်ချိန်လုံး ထိန်းချုပ်ထားခဲ့သည့် ကုန်ပစ္စည်းများနှင့်ပတ်သက်၍ တပ်မတော်အစိုးရ တာဝန်ယူသည့် ကာလအတွင်း ကင်းလွတ်ခွင့်များပေးပြီး အားလုံးလွတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့်ပြုခဲ့သည်။

သို့ဖြစ်ရာ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များသည် နိုင်ငံတော်၏ မြေတောင်မြှောက်အားပေးကူညီမှုများကြောင့်သာ ယနေ့အခြေအနေသို့ ရောက်ရှိဖြစ်ထွန်းလာခဲ့ခြင်းဖြစ်သည်ကို သိမြင်သဘောပေါက်ပြီး နိုင်ငံတော်၏ ကျေးဇူးတရား၊ ပြည်သူများ၏ ကျေးဇူးတရားတို့ကို တုံ့ပြန်ပေးဆပ်သည့်အနေဖြင့် မိမိတို့လည်း အကျိုးရှိစေရေး၊ နိုင်ငံတော်နှင့် ပြည်သူများအတွက်လည်း အကျိုးဖြစ်ထွန်းစေရေးအတွက် လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး စေတနာရှေ့ထား ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘွိုင်လာကိုင်တွယ်သူများ သင်တန်းဖွင့် ဝန်ကြီးဦးအောင်သောင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၁၀

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ဘွိုင်လာကိုင်တွယ်သူများ သင်တန်းအမှတ်စဉ် (၂/၂၀၀၄)ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၇နာရီက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန လျှပ်စစ်နှင့်ဘွိုင်လာစစ်ဆေးရေး သင်တန်း ခန်းမ၌ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အကျိုးရှိစွာအသုံးချ

ရှေးဦးစွာ ဝန်ကြီးဦးအောင်သောင်းက အမှာစကားပြောကြားရာ၌ ယခုအခါ လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ အသွင်ကူးပြောင်းဆဲကာလဖြစ်သည်နှင့်အညီ စက်မှုဇုန်များအနက် မန္တလေး စက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် တောင်ကြီးအေးသာယာစက်မှုဇုန်များ၌ နိုင်ငံတော်၏ပံ့ပိုးမှုဖြင့် Machinery Shop၊ Foundry Shop စသည့် သံရည်ကျိုလုပ်ငန်းများ၊ပုံဖော်ပုံလောင်း စက်ရုံများတည်ထောင်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေကြောင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပါမှ နိုင်ငံတော်လည်း တိုးတက်လာမှာ ဖြစ်ကြောင်း၊ စက်မှုကဏ္ဍတွင် လျှပ်စစ်ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍသည် အဓိကကျကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနအနေဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးပြီး လျှပ်စစ်ကဏ္ဍနှင့်စွမ်းအင်ကဏ္ဍများ၏ ပညာရပ်အသီးသီးကို တတ်ကျွမ်းနားလည်ရန် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ သို့ဖြစ်၍ သင်တန်းသားသင်တန်းသူများသည် သင်တန်းမှပို့ချသည့် နည်းပညာများကို စနစ်တကျ လေ့လာပြီး မိမိတို့ လုပ်ငန်းခွင်၌ အကျိုးရှိစွာ အသုံးချသွားရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသားသင်တန်းသူ၅၆ဦးတို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် နံနက် ၈ နာရီတွင် အမှတ်(၁)စက်မှု ဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပသော စက်ရုံမှူးများ သင်တန်း အမှတ်စဉ် (၁/၂၀၀၄) ဆင်းပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဂုဏ်ပြုဆုပေးအပ်

ထို့နောက်ဝန်ကြီးသည် သင်တန်းခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီးဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် အခြေခံဝန်ထမ်းလောင်း (အငယ်တန်း) သင်တန်း အမှတ်စဉ် (၃)၌သေနတ်ပစ်ထူးချွန်ဆုရမန္တလေးတိုင်းမြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ကျောက်ဆည်အဆင့်မြင့် မီးခံအုတ်စက်ရုံမှ အလုပ်ရုံစိတ်မှူး ဒေါ်ကြွယ်ကြွယ်ဝင်းအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဩဂုတ် ၇ ရက်က မရမ်းကုန်းမြို့နယ်အမှတ်(၇) ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်နွဲ့နွဲ့ရီနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးကံလှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၉ဦးတို့ တက်ရောက်ကြပြီး သင်တန်း ကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၁–၈–၂၀၀၄
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄း၂၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀	၆။	မျိုးချစ်တပ်မတော်
၄း၄၀	၇။	ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
၄း၅၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀	၉။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Consumer's Equilibrium (ဒုတိယနှစ်–စီးပွားရေး)
၅း၃၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	မိုးလေဝသသတင်း
၆း၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၆။	မြန်မာ့ရှုခင်း
၆း၄၀	၁၇။	လျှပ်တစ်ပြက်
၇း၀၀	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်"** (အပိုင်း–၁၅)
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။	လျှပ်တစ်ပြက်
	၂၂။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား"** (ဒုတိယတွဲ) (အပိုင်း–၅)

အထူးဗီဝဗေဒအဖွဲ့ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အထူးဗီဝဗေဒအဖွဲ့က ကြီးမှူး၍ Bio-Medical Ethics ဆိုင်ရာ ဟောပြောပွဲကို ဩဂုတ် ၁၄ရက် (စနေနေ့)နံနက် ၉နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (ဘီ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသော အသင်းဝင်ဆရာဝန်များနှင့် ဆေးကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူငယ်များအတွက် မှတ်သားဖွယ်ရာအဖြာဖြာ မြို့နယ်အဆင့်ဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၀

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်း ဦးစီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့ ပူးပေါင်းဆောင်ရွက်သည့် လူငယ်များအတွက် မှတ်သားဖွယ်ရာအဖြာဖြာ မြို့နယ်အဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ကျန်းမာရေးစီမံကိန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြည်စိုးက အမှာစကားပြောကြားပြီး သင်တန်းသို့ သင်တန်းသား ၃၀ နှင့် ကြီးကြပ်သူ ငါးဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆိုင်မွန်တန်ဆင် ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးနှင့် ကမ္ဘောဒီးယားနိုင်ငံသံရုံးတို့မှ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါလာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်အား ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိလာရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတ နိုင်ငံသံအမတ်ကြီး မစ္စတာဆိုင်မွန်တန်ဆင် ဒီခရုဇ်နှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံအပေါ်ထားရှိသည့် ဗီယက်နမ်နိုင်ငံခေါင်းဆောင်များ၏သဘောထား

- ✪ နှစ်နိုင်ငံသည် အစဉ်အလာရင်းနှီးမှုရှိပြီး တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားရေး၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေး၊ နိုင်ငံတစ်နိုင်ငံ၏ ကံကြမ္မာကို သက်ဆိုင်ရာ ကာယကံရှင်နိုင်ငံကသာ ပြဋ္ဌာန်းပိုင်ခွင့်ရှိရေးတို့ကို မိမိတို့နှစ်နိုင်ငံစလုံးက တန်ဖိုးထားလိုက်နာလျက်ရှိ။
- ✪ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ချမှတ်ထားသော မူဝါဒလမ်းစဉ်များ အောင်မြင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို မိမိတို့ကနားလည်ထောက်ခံ။
- ✪ ဗီယက်နမ်နိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေးကာလတွင် မြန်မာနိုင်ငံ၏ ကူညီစာနာထောက်ခံခဲ့မှုများကိုလည်း မိမိတို့အမြဲသတိရလျက်ရှိ။
- ✪ ၂၀၀၆ ခုနှစ်တွင် အာဆီယံအသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံအလှည့်ကျတော့မည်ဖြစ်ရာ အောင်မြင်စွာ ဆောင်ရွက်သွားနိုင်မည်ဟုလည်းယုံကြည်။
- ✪ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး ပမာဏတိုးမြှင့်ရေး၊ ကျန်းမာရေး၊ မဲခေါင်မြစ်ကို အကျိုး ရှိစွာအသုံးချရေး၊ ခရီးသွားလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေး စသည့် ကဏ္ဍများ၌ ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်ဆန္ဒရှိ။
- ✪ နိုင်ငံတကာနှင့် ဒေသတွင်း ကိစ္စရပ်များ၌လည်း ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်သွားပြီး မိမိတို့နှစ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား သွေးစည်းညီညွတ်မှုကို ပိုမိုခိုင်မြဲစေရန် ကြိုးပမ်း လုပ်ဆောင်သွားကြမည်ဖြစ်။
- ✪ အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံ ပါဝင်တက်ရောက်ရေးကို ဗီယက်နမ်နိုင်ငံက ထောက်ခံ။

ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်

- ✪ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးမူဝါဒလမ်းစဉ်များ အောင်မြင်မည်ဟု မိမိတို့ယုံကြည်။
- ✪ မြန်မာနိုင်ငံ၏ ကံကြမ္မာကို မြန်မာနိုင်ငံကသာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိ။
- ✪ မိမိတို့နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သော ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ကောင်းဆွေကောင်း ဆက်ဆံမှုများကို ဆက်လက်တိုးမြှင့်သွားမည်ဖြစ်သကဲ့သို့ နိုင်ငံတကာဆက်ဆံရေး နယ်ပယ်များတွင်လည်း နီးနီးကပ်ကပ်ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး

- ✪ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် မိမိတို့စာနာ နားလည်မှုရှိ။
- ✪ နိုင်ငံတစ်နိုင်ငံ လွတ်လပ်ရေးနှင့်အချုပ်အခြာတည်တံ့ခိုင်မြဲရေးအတွက် မည်မျှရင်းနှီးပေးဆပ်ရသည်ကို မိမိတို့ကိုယ်ပိုင်အတွေ့အကြုံများအရ နားလည်သိရှိ။
- ✪ မြန်မာနိုင်ငံနှင့် အစဉ်အလာ ချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်လက်တွဲပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်။

ဗီယက်နမ်နိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ

11-8 (03).p65 1 03/25/1905, 9:45 AM

ဩဂုတ် ၉ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၂၈ ဦး ရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၇

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံး၊ ဒဏ်ရာရလျက်ရှိကြသည်။

၂၀၀၄ ခုနှစ် ဩဂုတ်၉ရက် တနင်္လာနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၂၈ဦးဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။

သေဆုံး

ယင်းအနက် ၆၉၁ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၃၇ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။ ထို့ပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၂ဦး၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ခုနစ်ဦး၊ ယူကရိန်း လေးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လက်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟု ဆိုသည်။

ပြောကြား

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၇၈၀ဖြစ်ပြီး ယင်းအနက် ၅၈၂ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၀၈ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ရေနံအခြေခံအဆောက်အအုံများအားတိုက်ခိုက်မည်ဆို၍ အီရတ်တောင်ပိုင်းရေနံတွင်းများ ထုတ်လုပ်မှု ရပ်ဆိုင်း

ဘဂ္ဂဒက် ဩဂုတ် ၉

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်ရေးပြောက်ကျားများ၏ ခုခံတိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာမှုကြောင့် အီရတ်တောင်ပိုင်း ရေနံတွင်းများမှ ရေနံထုတ်လုပ်မှုကို တနင်္လာနေ့၌ အီရတ်နိုင်ငံက ရပ်ဆိုင်းထားလိုက်သည်ဟု "ဆောက်သ်"ရေနံကုမ္ပဏီ အရာရှိတစ်ဦးက ပြောကြားသည်။

တစ်နေ့လျှင် ရေနံစည် ၁၁သမ ၈သန်းခန့် သို့မဟုတ် အီရတ်ရေနံတင်ပို့မှု၏ ၉၀ရာခိုင်နှုန်းသည် တောင်ပိုင်း ဘာဆရာမှတစ်ဆင့် တင်ပို့ခြင်းဖြစ်ပြီး အီရတ်နိုင်ငံ၏ အဓိကဝင်ငွေရစရာဖြစ်သော ရေနံကိုတင်ပို့မှု ရပ်ဆိုင်းလိုက်သည့်အတွက် တည်ဆောက်ရေးကြိုးပမ်းမှုများ အကြီးအကျယ် ထိခိုက်စရာရှိသည်ဟု ဆိုသည်။

ရပ်ဆိုင်း

ဘာဆရာရှိ ရေနံအခြေခံအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်မည်ဟု အယ်လ်ဆာဒါကို သစ္စာခံသူများက ခြိမ်းခြောက်ခဲ့သဖြင့် တောင်ပိုင်းရေနံတွင်းများမှ ရေနံထုတ်လုပ်မှုကို ရပ်ဆိုင်းလိုက်ကြောင်း ရေနံကုမ္ပဏီ အရာရှိတစ်ဦးက ပြောကြားသည်။

အီရတ်ရေနံဝန်ကြီးဌာန ပြောခွင့်ရှိသူက ရေနံထုတ်လုပ်မှု ရပ်ဆိုင်းကြောင်းကို မိမိအတည်မပြုနိုင်သော်လည်း တစ်စုံတစ်ရာတိုက်ခိုက်မှုသည် အီရတ်ပြည်သူများအကျိုးစီးပွားကို ထိခိုက်မည်ဖြစ်ကြောင်း ပြောဆိုသည်။ **(အင်တာနက်)**

အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းသော ဖြေရှင်းချက်ဖော်ထုတ်ရန် ကိုဖီအာနန်တိုက်တွန်း

ကုလသမဂ္ဂ ဩဂုတ် ၈

အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများနှင့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ လေးလကြာဖြစ်ပွားနေသော တိုက်ပွဲများ ရပ်တန့်သွားစေရန်အတွက် အကူအညီပေးရန် ကုလသမဂ္ဂက စနေနေ့၌ ကမ်းလှမ်းလိုက်သည်။

အသင့်ရှိ

ကုလသမဂ္ဂသည် ဩဂုတ်လလယ်၌ အီရတ်တွင် အမျိုးသားညီလာခံကျင်းပရေး ပြင်ဆင်ရာတွင် အကူအညီပေးလျက်ရှိပြီး စနေနေက ထုတ်ပြန်သည့် ကြေညာချက်၌ လက်ရှိဖြစ်ပေါ်နေသော အကျပ်အတည်းကို ဖြေရှင်းရာတွင် ကုလသမဂ္ဂ၏ ဆောင်ရွက်မှုအခန်းကဏ္ဍအား တိုးချဲ့သွားရန် အသင့်ရှိကြောင်း ဖော်ပြထားသည်။

တိုက်တွန်း

ယင်းကြေညာချက်တွင် ကုလ သမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က တပ်ဖွဲ့အင်အားကို နောက်ဆုံးအခြေအနေရောက်မှသာ အသုံးပြုရန်၊ အပစ်အခတ်ရပ်စဲရေး လုပ်ဆောင်ရန်နှင့် ငြိမ်းချမ်းသောဖြေရှင်းချက်ကို ဖော်ထုတ်ရန် တိုက်တွန်းထားသည်။ **(အင်တာနက်)**

ပစ်ခတ်

နာဂျက်ဖ်မြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များအား စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်နေသော အီရတ်ပြောက်ကျားများကို ဩဂုတ် ၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်မှမီဒီတပ်ဖွဲ့ဝင်များရုပ်သိမ်းရန်တောင်းဆိုချက် ဆာဒါ အာခံ ကန့်ကွက်နှင့်အပေါင်းပါတို့အား ဆက်လက်ခုခံတိုက်ခိုက်သွားမည်

နာဂျက်ဖ် ဩဂုတ် ၉

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များနှင့် ရက်ပေါင်းများစွာကြာအောင် တိုက်ပွဲများ ကြောက်ခမန်းလိလိဖြစ်ပွားခဲ့ပြီးနောက် အီရတ်ကြားဖြတ်အစိုးရက နာဂျက်ဖ်မှနေ၍ အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများ ရုပ်သိမ်းသွားရန် တောင်းဆိုခဲ့သည်ကို အီရတ်ခေါင်းဆောင် မော့ရာဒါအယ်လ်ဆာဒါက တနင်္ဂနွေနေ့၌ အာခံလိုက်သည်။

လက်နက်ကြီးများကိုင်ဆောင်ထားသော မရိန်းတပ်ဖွဲ့ဝင်များသည် လေကြောင်းအထောက်အကူယူလျက် နာဂျက်ဖ်မြို့တွင် တနင်္လာနေ့က တိုက်ခိုက်ခဲ့ကြသော်လည်း အမေရိကန် စစ်ဘက်အရာရှိတစ်ဦးက အပေါင်းပါတပ်ဖွဲ့များသည် မော့တာဒါအယ်လ် ဆာဒါကို ရှာဖွေခဲ့ကြကြောင်း ငြင်းခဲ့သည်။

ကြိမ်းဝါး

နာဂျက်ဖ်မြို့တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ဆာဒါက အီရတ်ကြားဖြတ်အစိုးရ၏ တောင်းဆိုချက်ကိုအာခံကာ ကြိမ်းဝါးပြောဆိုခဲ့သည်။ မီဒီတပ်ဖွဲ့နှင့် မိမိသည် ခုခံမြဲခုခံသွားမည်ဖြစ်ကာ နာဂျက်ဖ်မှ မည်သည့်အခါမှ ထွက်မည်မဟုတ်ကြောင်း၊ မိမိ၏ နောက်ဆုံးသွေးတစ်စက်ကျသည်အထိ နာဂျက်ဖ်၌ နေပြီး ခုခံတိုက်ခိုက်သွားမည်ဖြစ်ကြောင်း ဆာဒါက ပြောဆိုသည်။

အဆိုးရွားဆုံး

အီရတ်နိုင်ငံ၌ တိုက်ပွဲများ အသစ်တစ်ဖန် ပြင်းထန်းစွာ ပိုမိုဖြစ်ပွားလာခြင်းသည် ဇွန် ၂၈ရက်၌ ကြားဖြတ်အစိုးရ ဝန်ကြီးချုပ် တာဝန်လွှဲပြောင်းယူခဲ့ချိန်မှစပြီး အာလာဝီအတွက် အဆိုးရွားဆုံး စမ်းသပ်မှု ဖြစ်ခဲ့သည်။

ထို့ပြင် နာဂျက်ဖ်မြို့၌ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့သည့်ပြင် အခြားမြို့ကြီးများ၌လည်း တိုက်ပွဲများ မကြာသေးမီရက်များအတွင်း၌ ဖြစ်ပွားခဲ့ရာ လူဒါဇင်များစွာ သေဆုံးခဲ့ရသည်။**အင်တာနက်၊ဆင်ဟွာ**

အယ်လ်ဂျာဇီရာရုပ်သံဌာနအားပိတ်ပင်မှု တရားမျှတ ပဋိပက္ခဖြစ်ရန် လှုံ့ဆော်မှုမရှိကြောင်း ချေပပြောဆို

ဘဂ္ဂဒက် ဩဂုတ် ၈

အီရတ်အစိုးရသည် အယ်လ်ဂျာဇီရာရုပ်သံလွှင့်ဌာန၏ ဘဂ္ဂဒက်ဌာနကို တစ်လကြာပိတ်ပင်လိုက်ကြောင်း အီရတ်ယာယီဝန်ကြီးချုပ် အလာဝီက အတည်ပြုပြောကြားလိုက်သည်။

ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေအတွက်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အသုံးချ

ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ အကြမ်းဖက်သမားများ၊ ရာဇဝတ်ဂိုဏ်းများသည် အယ်လ်ဂျာဇီရာရုပ်သံကို အသုံးချလျက်ရှိကြောင်း ဖော်ပြထားသည်။

လှုံ့ဆော်မှုမရှိ

သို့ရာတွင် အယ်လ်ဂျာဇီရာ ရုပ်သံလွှင့်ဌာန ပြောရေးဆိုခွင့်ရှိသူက ပဋိပက္ခများ ဖြစ်ပွားစေရန် လှုံ့ဆော်မှုမရှိကြောင်း ချေပပြောကြားသည်။

ထုတ်လွှင့်မည်

ထို့အပြင် ယခုလိုပိတ်ပင်ခြင်းသည် တရားမျှတမှုမရှိကြောင်း၊ အယ်လ်ဂျာဇီရာရုပ်သံလွှင့်ဌာနသည် သတင်းများကို ဆက်လက်ထုတ်လွှင့်နေမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

အယ်လ်ဂျာဇီယာ ရုပ်သံဌာနသည် အီရတ်စစ်ပွဲကာလတစ်လျှောက် တိုက်ခိုက်ရေးသတင်းများကို ဖော်ပြခဲ့သည်။ **(စီအင်န်အင်န်)**

မီးလောင်

ဘာဆရာမြို့တွင် အီရတ်ပြောက်ကျားတို့ တိုက်ခိုက်ခံရမှုကြောင့် မီးလောင်နေသော ဗြိတိသျှစစ်မော်တော်ယာဉ်တစ်စီးကို ဩဂုတ် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗီယက်နမ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးအားတွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဩဂုတ် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာနွန်ဒွတ်မင်းအား ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဌာနချုပ်ရှိ ဧည့်ခန်းဆောင်သို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်လတ်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာနွန်ဒွတ်မင်းနှင့်အတူ အထွေထွေအတွင်းရေးမှူး၏လက်ထောက် မစ္စတာဟိုတန်နိ၊ ဗီယက်နမ်ကွန်မြူနစ်ပါတီ ပြည်ပဆက်ဆံရေးဘုတ်အဖွဲ့အကြီးအကဲ မစ္စတာငုယင်ဗန်ဆွမ်၊ မြန်မာနိုင်ငံဆိုင်ရာဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဖန်ကွန်ခွန်နှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်သည့်ရည်ရွယ်ချက်မှာ ကာလရှည်ကြာစွာတည်ရှိပြီးဖြစ်သော နှစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်မှုအစဉ်အလာကောင်းများကို ဆက်လက်သယ်ပိုး မြှင့်တင်သွားရန်ဖြစ်ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းအရလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများစွာ အတူယှဉ်တွဲနေထိုင်မှုများအရလည်းကောင်း၊ မြန်မာနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့သည် တူညီမှုများစွာရှိကြ၍ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် နားလည်စာနာမှုရှိကြပါကြောင်း၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာမျက်နှာစာ၌ ဗီယက်နမ်နိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ၏ မြန်မာနိုင်ငံအပေါ် နားလည်ထောက်ခံအားပေးခဲ့ကြသည်ကို မြန်မာနိုင်ငံ အစိုးရနှင့် ပြည်သူများက တန်ဖိုးထားကျေးဇူးတင်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ပူးပေါင်းဆောင်ရွက်သွားမည်

ဗီယက်နမ် ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး မစ္စတာနွန်ဒွတ်မင်းကလည်း မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေး မူဝါဒလမ်းစဉ်များအောင်မြင်မည်ဟု မိမိတို့ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ကံကြမ္မာကို မြန်မာနိုင်ငံကသာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သောချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ကောင်းဆွေကောင်း ဆက်ဆံမှုများကို ဆက်လက်တိုးမြှင့်သွားမည်ဖြစ်သကဲ့သို့ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်များတွင်လည်း နီးနီးကပ်ကပ် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာနွန်ဒွတ်မင်းနှင့် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာနွန်ဒွတ်မင်းတို့ ဩဂုတ် ၉ ရက်က ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဌာနချုပ်ရှိ ဧည့်ခန်းဆောင်တွင် ရင်းနှီးခင်မင်စွာ နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၉ ရက်က ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မစ္စတာနွန်ဒွတ်မင်းနှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီဗဟိုကော်မတီဌာနချုပ်ရှိ ဧည့်ခန်းဆောင်၌တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း အင်္ဂပူမြို့ မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ကျင်းပသည့် ဆေးပဒေသာပင်အလှူငွေပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်အလှူရှင်များက အလှူငွေများ ပေးအပ်ကြသည်။

ဂုဏ်ပြုဆုပေးအပ်

ဝန်ကြီးသည် ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ထူးကြီးမြို့ခန်းမ၌ ကျင်းပသည့် ၂၀၀၃–၂၀၀၄ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ခြောက်ဘာသာ ဂုဏ်ထူးရှင် မအိဖြူခင်၊သုံး ဘာသာဂုဏ်ထူးရှင်များဖြစ်ကြသော မောင်ချစ်နိုင်းစံ၊ မောင်ဖြိုး လင်းဇော်နှင့် မောင်အောင်မျိုးမင်း တို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းပညာရေးမှူး (စစ်ဆေးရေး) ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းများသို့ စာရေးကိရိယာနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။

အလှူငွေများပေးအပ်

ဝန်ကြီးသည် ညနေပိုင်းတွင် ထူးကြီးတိုက်နယ်ဆေးရုံသို့သွားရောက်၍ လူနာများအား အားပေး စကားပြောကြားပြီး အလှူငွေများပေးအပ်သည်။ ထိုမှတစ်ဆင့် မယ်ဇလီကုန်းကျေးရွာ အထက်တန်း ကျောင်းသို့ ရောက်ရှိပြီး ကျောင်းဧည့်ခန်းမ၌ ဆရာ၊ဆရာမများအား တွေ့ဆုံ၍ တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် မယ်ဇလီကုန်းတိုက်နယ်ဆေးရုံကိုရောက်ရှိပြီး ဆေးရုံကိုကြည့်ရှု၍ လိုအပ်သည်များ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မိုးရေချိန်

၁၀–၈–၂၀၀၅

မင်္ဂလာဒုံ
၁ ဒသမ ၀၃ လက်မ

ကမ္ဘာအေး
၀ ဒသမ ၈၇ လက်မ

ရန်ကုန်မြို့လယ်
၀ ဒသမ ၆၃ လက်မ

ကားအစီး ၃၀ ပေးအပ်သည့်မှတ်တမ်းလွှာလက်မှတ်ရေးထိုး

ရန်ကုန် ဩဂုတ် ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီ၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း ၂၀၀၄ ခုနှစ် မတ် ၂၄ ရက်တွင် နှစ်နိုင်ငံအစိုးရကိုယ်စားလှယ်တို့ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သော နှစ်နိုင်ငံစီးပွားရေးနှင့်ကျွမ်းကျင်မှု အတတ်ပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရပေးအပ်သည့်အကူအညီ ယွမ်သန်း ၅၀ မှ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ အော်ဒီဆလွန်းကားအစီး ၃၀ လွှဲပြောင်းပေးအပ်သည့် မှတ်တမ်းလွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံ အမတ်ကြီး H. E. Mr. Li Jin Jun တို့တက်ရောက်ကြသည်။

အဆိုပါ အော်ဒီဆလွန်းကားအစီး ၃၀ လွှဲပြောင်းပေးအပ်သည့် မှတ်တမ်းလွှာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေးသံမှူး Mr. Tang Hai တို့က လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

ယင်းအခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဩဂုတ် ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာငုယင်ဗန်အန်အား ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီတွင် ဟန္နွိုင်းမြို့ ဘာဒင်းခန်းမဆောင်၌ တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ငုယင်ဗန်အန်နှင့်အတူ ဗီယက်နမ်အမျိုးသားလွှတ်တော်ပြည်ပရေးရာဌာန ဒုတိယဥက္ကဋ္ဌ မစ္စက်တွန်နျူသီနှင့်၊ ဗီယက်နမ်အမျိုးသားလွှတ်တော်စီးပွားရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စက်ဒေါင်သူဟောင်း၊ ဗီယက်နမ်အမျိုးသားလွှတ်တော်ရုံးဒုတိယဥက္ကဋ္ဌ မစ္စတာ ထရန်ကိုသန်၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖန်ကွန်ခွန်နှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။

တိုးတက်မှုရှင်းပြ

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိမိတို့နှစ်နိုင်ငံအကြားတည်ရှိပြီးသော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးအတွက် မိမိတို့အဖွဲ့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ဒေသအတွင်းသာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နှစ်နိုင်ငံသည် အာဆီယံအဖွဲ့ကြီးမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ တစ်ချိန်တည်းမှာပင် နှစ်နိုင်ငံချင်းအနေဖြင့်လည်း နားလည်မှုရှိစွာ ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်နေသည်ကို အားရမိပါကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်တကွ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

တွေ့ဆုံနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာငုယင်ဗန်အန်တို့ ဩဂုတ် ၉ ရက်က ဟန္နွိုင်းမြို့ ဘာဒင်းခန်းမဆောင်တွင် ရင်းနှီးခင်မင်စွာ တွေ့ဆုံနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ငုယင်ဗန်အန်က မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် မိမိတို့ စာနာနားလည်မှုရှိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ လွတ်လပ်ရေးနှင့် အချုပ်အခြာတည်တံ့ခိုင်မြဲရေးအတွက် မည်မျှရင်းနှီးပေးဆပ်ရသည်ကို မိမိတို့ ကိုယ်ပိုင်အတွေ့အကြုံများအရ နားလည်သိရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် အစဉ်အလာ ချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်လက်တွဲပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ထပ်မံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၉ ရက်က ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ငုယင်ဗန်အန်နှင့် ဟန္နွိုင်းမြို့ ဘာဒင်းခန်းမဆောင်တွင် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၀

စဉ်ဆက်မပြတ်ပညာတိုးတက်ရေး အစီအစဉ်အရ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို) ပညာရပ်ဆိုင်ရာကော်မတီက ကြီးမှူး၍ မျက်နှာ၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကု ပညာဌာန ပါမောက္ခ/ဌာနမှူး ဦးကိုကိုမောင်(သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊သဃ်န်းကျွန်း စံပြဆေးရုံကြီး)က Ankylosis of TMJ (Clinical Aspects) (ကုခန်းဆိုင်ရာ မေးရိုးအဆစ်ခိုင်ခြင်း ပြဿနာများ) ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ) အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၌ဟောပြောပို့ချမည်ဖြစ်သည်။သွားနှင့်ခံတွင်းဆရာဝန်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၁–၈–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရ ဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၀ ၆။ အရေးပြိုင်ပွဲ
- ၈:၂၀ ၇။ ဂုံညင်းတန်းတံတား
- ၈:၃၀ ၈။ International News
- ၈:၄၅ ၁၀။ Learning English The Easy and Happy Way for Children and Beginners

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Pratice in Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
- ၁၇:၃၀ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၁၇:၃၅ ၈။ သီချင်းကြီးပဒေသာ
- ၁၇:၄၅ ၉။ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
- ၁၈:၁၀ ၁၀။ Discovery
- ၁၈:၁၅ ၁၁။ တေးဂီတအစီအစဉ်
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ မြန်မာ့ရိုးရာ တူရိယာပစ္စည်းများထဲမှတိုင်းရင်းသားတို့ တူရိယာ
- ၁၉:၁၅ ၁၅။ တေးဂီတအစီအစဉ်
- ၁၉:၃၀ ၁၆။ ကြွခိုင်ကျန်းမာ ပြည်မြန်မာ
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ ဧကောဒသမအကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ **"ဆဒ္ဒန်ဆင်မင်းဇာတ်တော်ကြီး"** (ပထမဆု) (ရန်ကုန်တိုင်း–၁) (ပထမပိုင်း)

ကမာရွတ်မြို့နယ် အထက (၂) မိဘဆရာအသင်းနှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း စုံညီအစည်းအဝေးကို ဩဂုတ်၇ရက် နံနက် ၉ နာရီတွင် တေဇခန်းမ၌ကျင်းပရာ မိဘဆရာအသင်း နာယကကြီးများ၊ အမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်အေးဆင့်က ၂၀၀၄–၂၀၀၅ ပညာသင်နှစ်ကျောင်း၏ ပညာရေးလုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး **(ယာပုံ)**၊ ဘာသာရပ်မှူးများက ဘာသာရပ်ဆိုင်ရာ စီစဉ်ဆောင်ရွက်ထားမှုများကို တင်ပြရာ မိဘအုပ်ထိန်းသူများကလည်း ပြန်လည် ဆွေးနွေးအကြံပြုကြသည်။

ဆက်လက်၍ မိဘဆရာအသင်း အတွင်းရေးမှူးက မိဘဆရာအသင်း အမှုဆောင် အစီရင်ခံစာနှင့်ငွေစာရင်း ရှင်းတမ်းများကို တင်ပြပြီး ၂၀၀၄–၂၀၀၅ပညာသင်နှစ်အတွက် မိဘဆရာအသင်း အမှုဆောင်အသစ်များ ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူကလေးများ၏ တွဲဖက်သင်ရိုးဖြစ်သော ဂီတ ရသ ပညာမှ အဆို၊ အတီး၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ **(မြန်မာ့အလင်း)**



ရင်းနှီး ခင်မင်စွာ ဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်တို့ နှစ်နိုင်ငံတွေ့ဆုံ ဆွေးနွေးမည့် အစည်းအဝေးခန်းမ ရှေ့၌ ရင်းနှီးခင်မင်စွာ မှတ်တမ်း တင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကြိုဆို နှုတ်ဆက်ကြသည့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံ များမှ သံအမတ်ကြီးများအား နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်အား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် မိတ်ဆက်ပေးပြီး ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

အစိုးရအဖွဲ့ရုံးရောက်ရှိ

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့်အတူ နံနက် ၁၁နာရီတွင် ဂုဏ်ပြု ကြိုဆိုပွဲကျင်းပသည့် သမ္မတနန်းတော်မှ ဟနွိုင်းမြို့အစိုးရ အဖွဲ့ရုံးသို့ ရောက်ရှိ ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့သည် နှစ်နိုင်ငံတွေ့ဆုံ ဆွေးနွေးမည့် အစည်းအဝေးခန်းမရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တက်ရောက်

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဗီယက်နမ်ဝန်ကြီးချုပ် လှိုက်လှဲခင်မင်စွာကြိုဆိုနှုတ်ဆက် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား အစိုးရညဦးဂေဟာ၌ဂုဏ်ပြုနေ့လယ်စာတည်ခင်း

■ *ကျောဖုံးမှ*

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လေကုန်ဖုန့်၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဖန်ကွန်ခွန်နှင့် ကြိုဆိုရေးအဖွဲ့ဝင်များ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်လတ် နှင့်ဇနီး ဒေါ်ထွေးထွေးမြ၊ စစ်သံမှူး ဗိုလ်မှူးကြီးတင်စိုး၊ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုကြသည်။

ဗီယက်နမ်ဝန်ကြီးချုပ်နှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် ဟနွိုင်းမြို့ နွိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ သမ္မတနန်းတော်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ဂုဏ်ပြုတပ်ဖွဲ့အလေးပြုခံယူ

ထို့နောက် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် သီချင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတော် သီချင်းတို့ကို တီးမှုတ်ကြသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယဝန်ကြီးချုပ် မစ္စတာဗူခွန်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများနှင့် မိတ်ဆက်ပေးသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး မိတ်ဆက်

ဗီယက်နမ်ဆိုရှယ်လစ် သမ္မတ နိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား ရင်းရင်းနှီးနှီး မိတ်ဆက် ပေးစဉ်။

(သတင်းစဉ်)

နံနက် ၁၁နာရီ ၁၀မိနစ်တွင် ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာ ယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်လတ်၊ ဝန်ကြီး ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်နှင့်အတူ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဗူခွန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ငုယင်ဇီညံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီး ဌာနဝန်ကြီး မစ္စတာ လီဟွန်အမ်၊ ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ သုအွန်ဒင်းသီရန်၊ အစိုးရအဖွဲ့ရုံးအကြီးအကဲ မစ္စတာ ဒွန်မင်ဂိုနှင့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖန်ကွန်ခွန်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီး နှစ်နိုင်ငံဝန်ကြီးချုပ်များ ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေး

ခင်မင်ရင်းနှီးစွာဆုမွန်ကောင်းတောင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာဖန်ဗန်ခိုင်က အစိုးရဧည့်ဂေဟာခန်းမ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပွဲတွင် နှစ်နိုင်ငံဝန်ကြီးချုပ်များ ရင်းနှီးခင်မင်စွာ ဆုမွန်ကောင်းများ တောင်းကြစဉ်။ (သတင်းစဉ်)

အမှတ်တရလက်ဆောင်ပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က အစိုးရဧည့်ဂေဟာခန်းမ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပွဲတွင် နှစ်နိုင်ငံဝန်ကြီးချုပ်များ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာဖန်ဗန်ခိုင်က အစိုးရဧည့်ဂေဟာခန်းမ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပွဲတွင် နှစ်နိုင်ငံဝန်ကြီးချုပ်များ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား မှုခင်းကာကွယ်ရေးနှင့် တိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာလီဟွန်အမ်းတို့ လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြစဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ နွိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

အိမ်နီးချင်းကောင်းပီသမှုပိုမိုထိန်းသိမ်းမြှင့်တင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းသောကိစ္စများဆက်လက်ဆောင်ရွက်



ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူပြီးနောက် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

အလေးပြုခြင်းခံယူ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ရှင်းမြို့သို့ထွက်ခွာရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့ နိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလေကုန်ဖုန့်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား မှုခင်းကာကွယ်ရေးနှင့် တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာလီဟွန်အမ်းတို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်လိုပါလျှင်

ယုဝတီခင်ဦး

ရုပ်ကလေးလည်းချော၊ အသံလည်းကောင်း၊ အပြုံးကလည်းဆွဲဆောင်မှု ရှိသည်။ သို့ရာတွင် လည်ပင်းအလယ်တွင် မို့မို့ဖောင်းဖောင်းကလေးဖြစ်နေသော သစ်သီးတန်းမှ ဈေးရောင်းသူ မိန်းကလေးကို မြင်လိုက်ရ၍ စိတ်ပူသွားသည်။

သိုင်းရိုက်အကျိတ်ဆိုသည်မှာ လည်ပင်းအရှေ့ လည်စေ့အောက်ပိုင်း လည်ချောင်းတစ်ဖက်တစ်ချက်မှာ လက်သည်းခွံလောက်ရှိသည့် သိုင်းရိုက်အကျိတ်ကလေး တစ်စုံကို ခေါ်ခြင်းဖြစ်သည်။ အိုင်အိုဒင်းအာဟာရဓာတ်သည် ခန္ဓာကိုယ်တွင် လိုအပ်လှသော သိုင်းရော့ဆင်ဟုခေါ်သော ဟိုမုန်းဓာတ်တစ်မျိုးကို ထုတ်လုပ်ပေးသော တာဝန်ကို ယူနေရသည်။

လူငယ်များတွင် အိုင်အိုဒင်းဓာတ် ချို့တဲ့ပါလျှင် သိုင်းရိုက်အကျိတ်ကြီးထွားလာမှုကြောင့် လည်ပင်းကြီးရောဂါရလာတတ်သည်။ သစ်သီးဆိုင်မှ ထွက်လာသောအခါ တူမလေးနွယ်နီက "ကြီးကြီးမေ...ဈေးရောင်းတဲ့ မိန်းကလေးရဲ့ လည်ပင်းက မို့မို့ဖောင်းဖောင်းနဲ့ တစ်မျိုးချစ်စရာ ကောင်းတယ်နော်"ဟု ချီးမွမ်းခန်းထုတ်နေပြန်၏။ ကြီးကြီးလုပ်သူကတော့ ကလေးမလေးတွင် အိုင်အိုဒင်း ချို့တဲ့ရောဂါများ ဖြစ်နေမလားဟု စိတ်ပူနေသူဖြစ်သည်။

"ကြီးမေကတော့ အိုင်အိုဒင်းဓာတ်ချို့တဲ့လို့ သိုင်းရိုက်အကျိတ်ကြီးနေပြီလားလို့ စိတ်ပူနေမိတယ်"ဟု ပြောလိုက်ရာ နွယ်နီသည် မျက်လုံးကလေးပြူး၍ မော်တော်ယာဉ်ပေါ်သို့ ရောက်သည်နှင့်...

"ဘာဖြစ်လို့ လည်ပင်းကြီးရောဂါလို့ ထင်ရတာလဲ၊ သိုင်းရိုက်အကျိတ်နဲ့ လည်ပင်းကြီးရောဂါနဲ့ ဘယ်လိုပတ်သက်လို့လဲ ကြီးကြီးမေ..." ဟု စိုးရိမ်သံကလေးနှင့် မေးခွန်းပေါင်းမြောက်မြားစွာ စလာပါတော့သည်။

"သမီးရေ...**သိုင်းရိုက်အကျိတ်ဟာ ခန္ဓာကိုယ်အတွက် အလွန်လိုအပ်တဲ့ သိုင်းရော့ဆင်ဟိုမုန်းကို ထုတ်ပေးတယ်လေ သမီးရဲ့...၊ အဲဒီဟိုမုန်းက ကလေးတွေအတွက် ဦးနှောက်နဲ့အာရုံကြော ကြီးထွားဖွံ့ဖြိုးဖို့အတွက် လိုအပ်တယ်၊ ပြီးတော့ ခန္ဓာကိုယ်ကြီးထွားဖို့ အားပေးတယ်၊ ခန္ဓာကိုယ်အတွက် အင်အားဖြစ်ပေါ်ဖို့လဲ ကူညီတယ်၊ ခန္ဓာကိုယ်မှ အပူအအေးမျှတဖို့လဲ ထိန်းပေးတယ်။ ဒါပေမယ့်...သိုင်းရော့ဆင်ဟိုမုန်းထွက်ဖို့အတွက်လဲ အိုင်အိုဒင်းခေါ်တဲ့ သတ္တုဓာတ်တစ်မျိုး လိုအပ်သေးတယ်။ အိုင်အိုဒင်းချို့တဲ့လာရင် သိုင်းရိုက် အကျိတ်က ကြီးလာမယ်လေ...အဲဒီတော့ လည်ပင်းကြီးရောဂါ ဖြစ်လာတော့တာပေါ့...**"

"အဲဒီတော့ ဘာဖြစ်တတ်သေးလဲ ကြီးကြီးမေ..."နွယ်နီက သိချင်ဇောနဲ့ မေးပြန်သည်။

"သမီးတွေ့ဖူးတယ်မဟုတ်လား...၊ ကိုယ်ဝန်ဆောင်မိခင်တွေမှာ တချို့မိခင်တွေ လည်ပင်းကြီးနေတာလေ။ ကြီးခါစတော့ လည်ပင်းကလေးက ပြည့်ပြည့်ဖြိုးဖြိုး ဖြစ်နေသလို ထင်ရတယ်။ ဒါပေမယ့် အိုင်အိုဒင်းချို့တဲ့တော့

> "သိုင်းရိုက်အကျိတ်ဟာ ခန္ဓာကိုယ်အတွက် အလွန်လိုအပ်တဲ့ သိုင်းရော့ဆင်ဟိုမုန်းကို ထုတ်ပေးတယ်လေ သမီးရဲ့...၊ အဲဒီဟိုမုန်းက ကလေးတွေအတွက် ဦးနှောက်နဲ့အာရုံကြော ကြီးထွားဖွံ့ဖြိုးဖို့အတွက် လိုအပ်တယ်၊ ပြီးတော့ ခန္ဓာကိုယ်ကြီးထွားဖို့ အားပေးတယ်၊ ခန္ဓာကိုယ်အတွက် အင်အားဖြစ်ပေါ်ဖို့လဲ ကူညီတယ်၊ ခန္ဓာကိုယ်မှ အပူအအေး မျှတဖို့လဲ ထိန်းပေးတယ်။ ဒါပေမယ့်...သိုင်းရော့ဆင်ဟိုမုန်းထွက်ဖို့အတွက်လဲ အိုင်အိုဒင်းခေါ်တဲ့ သတ္တုဓာတ်တစ်မျိုး လိုအပ်သေးတယ်။ အိုင်အိုဒင်းချို့တဲ့လာရင် သိုင်းရိုက် အကျိတ်က ကြီးလာမယ်လေ...အဲဒီတော့ လည်ပင်းကြီး ရောဂါ ဖြစ်လာတော့တာပေါ့"

ကလေးပျက်ကျတတ်တယ်၊ မွေးလာတဲ့ ကလေးတွေမှာ အာရုံကြော အားနည်းတတ်တယ်၊ ဉာဏ်ရည်ဉာဏ်သွေး လျော့နည်းတတ်တယ်၊ ဆွံ့ အနားမကြားလဲ ဖြစ်တတ်တယ်၊ ဝမ်းတွင်းအရူးကလေးတွေလဲ မွေးတတ်တယ်၊ လည်ပင်းလဲ ကြီးတတ်တယ်..."

"ဘုရားရေ... ဒါဖြင့် လည်ပင်းကြီးရောဂါကို ဘယ်လိုကာကွယ်ရမှာလဲ ကြီးကြီးမေ" အိမ်သို့ ပြန်ရောက်သောအခါလဲ မေးခွန်းမရပ်သေးချေ။ ကျွန်မတို့ တူအရီးနှစ်ယောက် ဧည့်ခန်းတွင် ထိုင်ပြီး ဝယ်လာသော လိမ္မော်သီးများကို နွှာစားလိုက်ကြသည်။

"အိုင်အိုဒင်းဓာတ်ဟာ ပတ်ဝန်းကျင်ရေ၊မြေကစပြီး အစားအစာထဲရောက်လာရင် လူ့ခန္ဓာကိုယ်ထဲမှာ အိုင်အိုဒင်းဓာတ်ကို သိုင်းရော့ဆင်ဟိုမုန်း ထုတ်လုပ်ဖို့ အသုံးပြုရတယ်။ အိုင်အိုဒင်းဟာ သတ္တဝါတွေအတွက် လိုအပ်တဲ့ အာဟာရဓာတ်တစ်မျိုးပဲ သမီးရဲ့။ ပင်လယ်မှရတဲ့ ငါး၊ ပုစွန်၊ ကျောက်ပွင့်တို့မှာ အများဆုံးပါတယ်လေ။ ပတ်ဝန်းကျင်ရေမြေမှာ အိုင်အိုဒင်းဓာတ်ကြွယ်ဝရင်လဲ အဲဒီဒေသမှာ ကြီးထွားဖွံ့ဖြိုးလာတဲ့ တိရစ္ဆာန်နဲ့ ပေါက်ရောက်တဲ့ အပင်တွေ၊ အဲဒီနယ်မြေက သောက်သုံးရေတွေဟာ အိုင်အိုဒင်းဓာတ်ကြွယ်ဝတာပေါ့သမီးရဲ့၊ ဒါကြောင့် အိုင်အိုဒင်းမရရင် သန္ဓေသားဘဝကစပြီး ကြီးလာတဲ့အထိ ဒီအိုင်အိုဒင်းချို့တဲ့မှု အန္တရာယ်တွေ ဖြစ်လာနိုင်တာပေါ့"

အိုင်အိုဒင်းချို့တဲ့သူတွင် တံတွေးမျိုချလိုက်လျှင် သိုင်းရိုက်အကျိတ်လုံးသည် အပေါ်တက် အောက်ဆင်းဖြစ်သည်ကို ကြားဖူးသဖြင့် နွယ်နီသည် သူ့လည်ပင်းကို သူ့လက်ကလေးနှင့် ကိုင်ကာ တံတွေးမျိုချကြည့်နေသည်။

"သမီးမှာ လည်ပင်းကြီးရောဂါမရှိပါဘူး၊ သမီးရဲ့ လည်တံကလေးက ကြော့ရှင်းနေတာပဲ"ဟု ပြောလိုက်မှ နွယ်နီသည် ရက်ပြုံးကလေးပြုံးနေသည်။

ကမ္ဘာ့လူဦးရေအများအပြားမှာ အိုင်အိုဒင်းချို့တဲ့သော ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသောကြောင့် အိုင်အိုဒင်းရောဂါဖြစ်ရန် အလားအလာရှိသည်ဟု သိရပေသည်။ အိုင်အိုဒင်းချို့တဲ့ရခြင်းမှာ ပတ်ဝန်းကျင်နှင့် များစွာသက်ဆိုင်သည်။ မိုးသည်းထန်စွာ ရွာသွန်း၍ မြေဆီမြေလွှာ ပျက်စီးသွားခြင်း၊ ရေလွှမ်းမိုးမှုဒဏ်ကြောင့် အိုင်အိုဒင်းမျောပါသွားခြင်း၊ ရေခဲတောင်မှ အရည်ပျော်လျက် ရေစီးကြောင်းဒဏ်ကြောင့် အိုင်အိုဒင်းဓာတ်ချို့တဲ့သွားခြင်း စသည်တို့ကြောင့် တောင်စဉ်တောင်တန်းတစ်လျှောက်ရှိ ဒေသများတွင် အိုင်အိုဒင်းချို့တဲ့ ရောဂါ အများဆုံး ဖြစ်ရတတ်ပေသည်။

ရေလွှမ်းမိုးဒဏ်ခံရသည့် မြေနိမ့်ဒေသများတွင်လဲ အိုင်အိုဒင်းချို့တဲ့မှု များရှိတတ်သည်။ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံအတွင်းရှိ ဂင်္ဂါမြစ်ဝှမ်းဒေသများတွင် စိုက်ပျိုး၍ရရှိလာသော အစားအစာများမှာ အများအားဖြင့် အိုင်အိုဒင်း ချို့တဲ့နေသည်ဟု သိရသည်။ ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ၈၀၀ခန့်မှာ အိုင်အိုဒင်းဓာတ်ချို့တဲ့ရောဂါဖြစ်ရန် အလားအလာရှိနေပြီး ၎င်းတို့ အနက် သန်းပေါင်း ၁၉၀ခန့်မှာ လည်ပင်းကြီးရောဂါရှိနေကာ သုံးသန်းကျော်မှာ ဆွံ့ အနားမကြားရောဂါ၊ စိတ်မနှံ့ရောဂါများ၊ ဉာဏ်ချို့တဲ့မှုများ ရှိနေကြောင်း သိရသည်။

အိုင်အိုဒင်းချို့တဲ့မှုကာကွယ်နည်းမှာ လွယ်ကူပါသည်။ အိုင်အိုဒင်းချို့တဲ့ ဒေသများတွင် အစားအစာများကို အိုင်အိုဒင်းဖြည့်ပေးခြင်းဖြင့် ကာကွယ်နိုင်သည်။ နောက်တစ်နည်းမှာ စားပင်သီးပင်များကို အာဟာရဖြစ်အောင် စိုက်ပျိုးခြင်း၊ အာဟာရမျှတအောင် စားသောက်ခြင်းတို့ပင် ဖြစ်သည်။ ဆားတွင် အိုင်အိုဒင်း ဖြည့်ပေးခြင်းအားဖြင့် အကျိုးများစွာ ရှိပေသည်။ နေ့ရာတိုင်းတွင် ဆားသည် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်သည်။ မိသားစု ဟင်းလျာထဲတွင် အိုင်အိုဒင်းဆားသုံးခြင်းအားဖြင့် အိုင်အိုဒင်း ချို့တဲ့မှုကို ကာကွယ်ပြီး ကာယ၊ ဉာဏ ဖွံ့ဖြိုးတိုးတက်စေပါသည်။

ရွှေနိုင်ငံတွင်ကား ရေမြေသယံဇာတ ပေါကြွယ်ဝလျက် ဆန်ရေစပါး၊ ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ သားငါးစုံလင်၍ ဓာတ်သတ္တုပေါများပါဝင်ပြီး သဘာဝအိုင်အိုဒင်းဓာတ်များရရှိသည့်အပြင် အိုင်အိုဒင်းဆားလည်း တစ်ပြည်လုံးအတိုင်းအတာဖြင့် ဖြန့်ဖြူးသုံးစွဲလျက်ရှိရာ တိုင်းရင်းသားပြည်သူအားလုံး ဉာဏ်ရည်၊ ဉာဏ်သွေးများ အမြဲထက်မြက်ရှင်သန်နေမည်ဟု ယုံကြည်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပုဇွန်တောင်ဘဏ်ခွဲအဆောက်အအုံဆောက်လုပ်မှု ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ စစ်ဆေး

ရန်ကုန် ဩဂုတ် ၁၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေသည် မြန်မာ့စီးပွားရေးဘဏ်ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း၊ ပြည်တွင်း အခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်တို့လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းက တာမွေမြို့နယ် လက်ဝဲမင်းဒင်လမ်းနှင့် လယ်ယာရွှေမြေလမ်းထောင့်ရှိ အသစ်ဆောက်လုပ်လျက်ရှိသော မြန်မာ့စီးပွားရေးဘဏ် ပုဇွန်တောင်ဘဏ်ခွဲ အဆောက်အအုံတည်ဆောက်မှု လုပ်ငန်းခွင်သို့ ရောက်ရှိလာရာ အိုလံပစ်ဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာကုမ္ပဏီလီမိတက်မှ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းအောင်စန်းက ဘဏ်ခွဲအသစ်ဆောက်လုပ်ပြီးစီးနေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးစွာ ဆောင်ရွက်ရေးနှင့်လုပ်ငန်းဆောင်ရွက်မှုများအပေါ် လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပန်းဆွဲကျေးရွာလမ်းကွန်ကရစ်တံတားကို ဇူလိုင် ၂၉ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဖေအောင်သူနှင့် တာဝန်ခံအင်ဂျင်နီယာဦးမျိုးတင့်ဆွေတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်တံခါးမြို့နယ် ဖဒိုမြို့ ချောင်းလမ်းမကြီးလမ်းဘေး ဝဲယာ အရိပ်ရပင်နှင့် ပန်းအလှပင်များကို ဇူလိုင် ၂၁ရက်က လက်ထောက်အင်ဂျင်နီယာ ဦးလှရွှေ ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

မိုးရာသီ ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များသတိပြုပါ

၁။ လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
၂။ မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
၃။ မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
၄။ လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
၅။ အရှိန်ပြင်းစွာ မမောင်းပါနှင့်။
၆။ ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
၇။ ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
၈။ ရေသုတ်တံပါရှိရမည်၊ ကောင်းမွန်ရမည်။
၉။ မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကိုဖွင့်မောင်းပါ။
၁၀။ မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ဆုချီးမြှင့်

ပေါင်းတည်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၆ရက်က ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်သက်က တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူး ရရှိသူ မဆုလှိုင်အား ဆုချီးမြှင့်စဉ်။ (ဝ၆၄)

စာမျက်နှာ ၇ မှ

ရှင်းလင်းပြောကြား

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က နှစ်နိုင်ငံအကြားနှစ်ပရိစ္ဆေဒ ရှည်ကြာစွာ တည်ရှိဖြစ်ထွန်းနေသော ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်စာနာမှု၊ အိမ်နီးချင်းကောင်းပီသမှုတို့ကို ပိုမိုထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးဖြစ်ထွန်းသောကိစ္စများကို ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးတို့အတွက် ဗီယက်နမ်နိုင်ငံသို့ မိမိတို့ချစ်ကြည်ရေးအဖွဲ့လာရောက်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုများအပေါ် ဗီယက်နမ်နိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများက နားလည်စာနာမှု၊ ထောက်ခံအားပေးမှုတို့ပြုကြသည့်အတွက် မိမိတို့ဝမ်းမြောက်ဝမ်းသာကျေးဇူးတင်ရှိပါကြောင်း၊ အာဆီယံနိုင်ငံများ၏ စည်းလုံးညီညွတ်ရေး၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် မြန်မာနိုင်ငံကလည်း ကျန်အဖွဲ့ဝင်နိုင်ငံများနှင့်အတူ အစွမ်းကုန်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားပြီး မြန်မာနိုင်ငံ၏ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ကာ လက်တွေ့အကောင်အထည်ဖော်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ပိုမိုပူးပေါင်းမည်

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်ကလည်းမိမိတို့နှစ်နိုင်ငံသည် အစဉ်အလာရင်းနှီးမှုရှိပြီးသော နိုင်ငံများဖြစ်သည့်အပြင် တစ်နိုင်ငံ၏အချုပ်အခြာအာဏာကိုတစ်နိုင်ငံကလေးစားရေး၊ တစ်နိုင်ငံ၏ပြည်တွင်းရေးကို တစ်နိုင်ငံကဝင်ရောက်မစွက်ဖက်ရေး၊ နိုင်ငံတစ်နိုင်ငံ၏ကံကြမ္မာကို သက်ဆိုင်ရာကာယကံရှင်နိုင်ငံကသာ ပြဋ္ဌာန်းပိုင်ခွင့်ရှိရေးတို့ကို မိမိတို့နှစ်နိုင်ငံစလုံးက တန်ဖိုးထားလိုက်နာလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် ချမှတ်ထားသော မူဝါဒလမ်းစဉ်များ အောင်မြင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို မိမိတို့က နားလည်ထောက်ခံပါကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေးကာလတွင် မြန်မာနိုင်ငံ၏ကူညီစာနာထောက်ခံခဲ့မှုများကိုလည်း မိမိတို့ အမြဲသတိရလျက်ရှိပါကြောင်း၊ ၂၀၀၆ ခုနှစ်တွင် အာဆီယံအသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံအလှည့်ကျတော့မည်ဖြစ်ရာ အောင်မြင်စွာဆောင်ရွက်သွားနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား လက်ရှိပူးပေါင်းဆောင်ရွက်မှုများအပေါ် များစွာအားရ ကျေနပ်မိပါကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး ပမာဏတိုးမြှင့်ရေး၊ ကျန်းမာရေး၊ မဲခေါင်မြစ်ကို အကျိုးရှိစွာ အသုံးချရေး၊ ခရီးသွားလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေး စသည့်ကဏ္ဍ များ၌ ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း။

နိုင်ငံတကာနှင့် ဒေသတွင်း ကိစ္စရပ်များ၌လည်း ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်သွားပြီး မိမိတို့နှစ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သွေးစည်းညီညွတ်မှုကို ပိုမိုခိုင်မြဲစေရန် ကြိုးပမ်း လုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း၊ အာရှ–ဥရောပထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံပါဝင်တက်ရောက်ရေးကို ဗီယက်နမ်နိုင်ငံက ထောက်ခံကြောင်း စသည်ဖြင့် ပြန်လည်ဆွေးနွေးသွားသည်။

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံအစိုးရတို့ နှစ်နိုင်ငံအကြား သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပသည်။

လက်မှတ်ရေးထိုး

အစီအစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ရှင်းမြို့သို့ ထွက်ခွာရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ နွိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူး၊ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

သမ္မတနိုင်ငံတို့အကြား မူခင်းကာကွယ်ရေးနှင့် တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ လီဟွန်အမ်းတို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဂုဏ်ပြုနေ့လယ်စာတည်ခင်း

ထို့နောက်ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က မွန်းလွဲ ၁၂နာရီခွဲတွင် အစိုးရဧည့်ဂေဟာခန်းမ၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါဂုဏ်ပြုနေ့လယ်စာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်နှင့်အတူ ဒုတိယဝန်ကြီးချုပ် မစ္စတာဗူခွန်၊ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ တက်ရောက်ကြသည်။

ဆုမွန်ကောင်းတောင်း

ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ရင်းနှီးစွာအပြန်အလှန် ဆုမွန်ကောင်းများတောင်းကြသည်။

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ရှင်းမြို့သို့ ထွက်ခွာရန် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟနွိုင်းမြို့ နွိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလေကုန်ဖုန့်၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖန်ကွန်ခွန်နှင့် တာဝန်ရှိသူများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်လတ်နှင့်ဇနီး ဒေါ်ထွေးထွေးမြ၊ စစ်သံမှူးဗိုလ်မှူးကြီးတင်စိုး၊ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက လေယာဉ်သို့လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာမိုးရေချိန်များ

၉–၈–၂၀၀၄

ဖျာပုံမြို့	၅ ဒသမ ၈၇ လက်မ
ဘားအံမြို့	၅ ဒသမ ၂၄ လက်မ
ရေးမြို့	၄ ဒသမ ၉၂ လက်မ
မြောင်းမြမြို့	၄ ဒသမ ၇၆ လက်မ
ပုသိမ်မြို့	၃ ဒသမ ၈၂ လက်မ
မော်လိုက်မြို့နှင့်ဟသ်ာတမြို့	၃ ဒသမ ၁၅ လက်မ
မအူပင်မြို့	၃ ဒသမ ၀၃ လက်မ

ဩဂုတ်၁၀ရက်က ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုအဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၁)မှ ကျောင်းသူကျောင်းသား ၄၉၅ဦးတို့အား အလှူရှင် ဦးရဲမြင့်–ဒေါ်မြမြတို့က တတိယတန်းကျောင်းသူမဝင်းလဲ့ဖြိုး၏ မွေးနေ့အလှူအဖြစ် နို့သာဂူ တိုက်ကျွေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးလှိုင်နှင့် ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (က–ပ)

မိုးအသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

ကွက်ကျားမိုး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ကွယ်လွန်သူကျောင်းဆရာကြီး ဦးလှသိန်းအား ရည်စူး၍ အမှတ် ၁၄၂၉ ဘုမ္မာလမ်း(၂၀) (ည)ရပ်ကွက် မြောက်ဥက္ကလာပနေ ဒေါ်တင်မေနှင့် သားသမီးမြေးတစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းနှစ်သောင်းကို ဩဂုတ် ၇ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေက လက်ခံယူစဉ်။ (က–ပ)

၂၀၀၄–၂၀၀၅ ပညာသင်နှစ်

ကျောင်းကျန်းမာရေးသီတင်းပတ်

၂၀၀၄ ခု၊ ဩဂုတ်လ (၉)ရက်မှ (၁၃)ရက်

အခြေခံပညာကျောင်းအားလုံးပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီပုံမှန်အစည်းအဝေးသို့တက်ရောက်

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီ ပုံမှန်အစည်းအဝေး (၃/၂၀၀၄)တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၃/၂၀၀၄)ကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)နှင့် ဗဟိုစည်းရုံးရေး ကော်မတီဝင် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းများရှင်းလင်း

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်း ဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ ကဏ္ဍကြီး ငါးရပ်နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လုပ်ငန်းများ အောင်မြင်ရေးအတွက် အဖွဲ့ခေါင်းဆောင်များနှင့် စည်းရုံးရေးဆိုင်ရာ အဖွဲ့လိုက်ခေါင်းဆောင်များက အချင်းချင်းညှိနှိုင်း ပေါင်းစပ် ဆောင်ရွက်သွားကြရေး ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၂/၂၀၀၄) အစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ (၃/၂၀၀၄)အစည်းအဝေးသို့ တင်ပြရန်ရှိသည့် လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း ဖတ်ကြားတင်ပြအတည်ပြုချက်ရယူသည်။

အဖွဲ့ခေါင်းဆောင်များရှင်း

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် လုပ်ငန်းတာဝန်ကြီးငါးရပ် အဖွဲ့ခေါင်းဆောင်များနှင့် စည်းရုံးရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင်များက မိမိတို့အဖွဲ့လိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကျောင်းကျန်းမာရေးဟောပြော

ရန်ကုန် ဩဂုတ် ၁၀

ကျောင်းကျန်းမာရေး သီတင်းပတ်ကျန်းမာရေးပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ၁နာရီက အင်းစိန် အလက (၁)ခန်းမဆောင်၌ ကျင်းပရာ သဘာပတိ ကျောင်းအုပ်ဆရာကြီး ဦးတင်အေးက အမှာစကားပြောကြားပြီး တောင်သူကုန်းရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲ အတွင်းရေးမှူး အလယ်တန်းပြဆရာမ ဒေါ်မိမိရီ(မိမိရီ-အင်းစိန်)က သွေးလွန်တုပ်ကွေးကာကွယ်ရေးနှင့် ငှက်ဖျားရောဂါ ကာကွယ်ရေးအကြောင်း သိကောင်းစရာများ ဟောပြောကြောင်း သိရသည်။ **(က-ပ)**

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဆေးဝါးကုသမှုခံယူနေကြသော ကိုယ်စားလှယ်များအားတွေ့ဆုံအားပေး

ရန်ကုန် ဩဂုတ် ၁၀

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်သည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေးနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ လိုက်ပါလျက် ယနေ့ညနေ ၃ နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံသို့ သွားရောက်ပြီး ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှု ခံယူနေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့အား တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မင်္ဂလာဒုံညှော့ခန်းမ၌ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ တပ်မှူး ဗိုလ်မှူးချုပ်သန်းစိန်နှင့် တာဝန်ရှိသူများက ဆေးရုံတက်ရောက် ဆေးဝါးကုသမှု ခံယူနေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်ငါးဦးတို့၏ ကျန်းမာရေးအခြေအနေများနှင့် ဆေးဝါးကုသပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ ဖြစ်ကြသည့် ဒေါက်တာမြင့်သိန်း၊ ဦးမောင်မောင်ဦး၊ ဒေါက်တာတင့်ဝေနှင့် ဦးသန်းထိုက်တို့၏ ကျန်းမာရေး အခြေအနေများကို တွေ့ဆုံမေးမြန်း အားပေးစကားပြောကြားကာ လိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးမန်းတင်အောင်သန်း၏ ကျန်းမာရေးအခြေအနေကို မေးမြန်းအားပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး ညနေ ၄နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

စစ်တောင်း၊ ဒုဋ္ဌဝတီနှင့် ပဲခူးမြစ်ရေအခြေအနေ

ရန်ကုန် ဩဂုတ် ၁၀

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယနေ့မွန်းတည့်မှနောက် ၄၈ နာရီအတွင်း စင်တီမီတာ ၄၀ (တစ်ပေခွဲခန့်) မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀သို့ ရောက်ရှိနိုင်သည်။

အလားတူ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယနေ့မွန်းတည့်မှနောက် ၂၄နာရီအတွင်း စင်တီမီတာ ၃၀ (တစ်ပေခန့်) မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ် စင်တီမီတာ ၈၇၀ သို့ရောက်ရှိနိုင်သည်။

ထို့အတူ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် စိုးရိမ်ရေမှတ်အထက်တွင် ၁၃စင်တီမီတာ(ပေဝက်ခန့်) ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

ကြည့်ရှုအားပေး

အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)၌ တက်ရောက်၍ ဆေးကုသမှု ခံယူနေသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား သွားရောက် ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများပေးအပ်စဉ်။ (သတင်းစဉ်)

အေသင်အိုလံပစ်အားကစားပွဲတော် ဘောလုံးပွဲများစတင် အုပ်စု(က)နှင့် အုပ်စု(ဂ)တို့မှအသင်းများ ယနေ့ကစားမည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၁၀

၂၀၀၄ခုနှစ် အေသင်အိုလံပစ် အားကစားပွဲတော် အမျိုးသားဘောလုံး ပြိုင်ပွဲကို ဂရိနိုင်ငံ အေသင်မြို့ အေသင် အားကစားရွာတွင် ဩဂုတ်၁၁ရက် **(ယနေ့)**တွင် စတင်ကျင်းပတော့မည်ဖြစ်ရာ ပွဲဦးထွက်အဖြစ် တူနီးရှားနှင့် ဩစတြေးလျ၊ အာဂျင်တီးနားနှင့် ဆာဘီးယား၊ ဂရိနှင့် တောင်ကိုရီးယား၊ မာလီနှင့် မက္ကဆီကိုတို့ အုပ်စုအဖွင့်ပွဲစဉ်များအဖြစ် ကစားရမည်ဖြစ်သည်။

ဩဂုတ် ၁၁ ရက်**(ယနေ့)**တွင် အုပ်စု(က)၌ ပါဝင်သော ဂရိနှင့် တောင်ကိုရီးယား၊ မာလီနှင့် မက္ကဆီကို၊ အုပ်စု(ဂ)၌ပါဝင်သော အာဂျင်တီးနားနှင့် တူနီးရှား၊ ဩစတြေးလျနှင့် ဆာဘီးယားမွန်တီနီဂရိုတို့ စတင်ကစားကြရမည်ဖြစ်သည်။

အားသာချက်

အုပ်စု(က)မှ အိမ်ရှင်ဂရိနှင့် အာရှဘောလုံးအင်အားကြီးအသင်းတစ်သင်းဖြစ်သည့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ရမည့်ပွဲတွင် ယူရို ၂၀၀၄ ပုပုနွေးနွေး ချန်ပီယံဂရိကို တောင်ကိုရီးယားတို့ ခက်ခဲစွာကစားရမည်ဖြစ်သည်။ ယူရို၂၀၀၄ချန်ပီယံဂရိအသင်းမှ (၂၃)နှစ်အထက်ကစားသမားလေးဦးသာ ပါဝင်ကစားခွင့်ရှိနေသဖြင့် လူငယ်များကိုပွဲထုတ်ကစားရမည်ဖြစ်သည်။ တောင်ကိုရီးယားနှင့်ဂရိတို့ အိုလံပစ်သမိုင်းတွင် ယခုအကြိမ်သည် ပထမဆုံးအကြိမ်တွေ့ဆုံခြင်းဖြစ်ပြီး ခြေအဆင့်အတန်းလည်း ကွာခြားမှုမရှိသဖြင့် အမှားအယွင်းရှိသည့်အသင်း ရှုံးဖွယ်ရှိရာ လောလောဆယ်တွင် ဂရိတို့က အိမ်ရှင်ဟူသောအားသာချက်ရှိနေသည်။

မက္ကဆီကို

အုပ်စု(က)ဒုတိယပွဲအဖြစ် မာလီနှင့်မက္ကဆီကိုအသင်းတို့ပွဲတွင် ဝါရင့်သမ္ဘာရင့် မက္ကဆီကိုအသင်းက အာဖရိက၏ မာလီအသင်းကို အနိုင်ကစားမည်ဖြစ်သည်။ မက္ကဆီကိုအသင်းတွင် ခြေစွမ်းပြလျက်ရှိသော ရှေ့တန်းတိုက်စစ်မှူးဖြစ်သည့် ရာဖေးမာကွတ်ကို မာလီနောက်တန်းလူများ ထိန်းရန်လွယ်မည်မဟုတ်ပေ။မက္ကဆီကိုအသင်းသည် လောလောဆယ် ခြေစွမ်းထက်လျက်ရှိပြီး အတွေ့အကြုံနှင့် တစ်ဦးချင်း စွမ်းရည်တို့တွင် မာလီတို့ထက် သာလွန်နေသော်လည်း မာလီအသင်းသည် ရှေ့တန်းတိုက်စစ်မှူး ရာမန်ဆီဒီဘီကို အဓိက အားကိုးကစားမည်ဖြစ်ရာ မက္ကဆီကို နောက်တန်းအမှားလုပ်မိပါက လျင်မြန်သော ဆီဒီဘီအကြိုက် တွေ့သွားနိုင်သဖြင့် မက္ကဆီကိုတို့ မာလီကို ကြိုးစားကစားမှသာ နိုင်မည်ဖြစ်သည်။

အုပ်စု(ဂ)

အေသင်အိုလံပစ် အားကစားပွဲတော် အမျိုးသားဘောလုံးပွဲစဉ်များကို ဩဂုတ် ၁၁ရက် **(ယနေ့)**တွင် စတင်ကျင်းပပြီဖြစ်ရာ အုပ်စုပွဲများအဖြစ် အုပ်စု(ဂ)မှ တူနီးရှားနှင့်ဩစတြေးလျ အသင်းတို့လည်း ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

တူနီးရှားနှင့် ဩစတြေးလျ အသင်းတို့မှာ ယခင်အိုလံပစ်ပြိုင်ပွဲများတွင် တစ်ကြိမ်တစ်ခါမျှ တွေ့ဆုံခဲ့ဖူးခြင်းမရှိသည့် အသင်းများဖြစ်ပြီး တူနီးရှားအသင်းသည် လောလောဆယ်

အေသင်အိုလံပစ် အားကစားပွဲတော်တွင် ကွင်းလယ်ကစားကွက်ကို တာဝန်ယူကစားမည့် ဩစတြေးလျ ဘောလုံးသမား တင်မ်ကာဟီးလ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖရိက၌ ခြေစွမ်းပြနေသောအသင်းဖြစ်သည်။ တူနီးရှားအသင်းဘောလုံးကစားမှုလျင်မြန်ပြီး အပေးအယူတိကျမှုရှိသော်လည်း တူနီးရှားတိုက်စစ်မှူးများ အဆုံးသတ်ဂိုးသွင်းမှုမပိုင်နိုင်ကြချေ။ တစ်ဖက်အသင်းကို တွန်းတွန်းတိုက်တိုက် ကစားနိုင်ပြီး အဝင်အထွက်လည်း ရဲကြသဖြင့် ဩစတြေးလျတို့ သတိထားကြရမည်ဖြစ်သည်။

ဩစတြေးလျ

ဩစတြေးလျအသင်းမှာ ပြီးခဲ့သည့် ၂၀၀၀ ပြည့်နှစ် ဆစ်ဒနီအိုလံပစ် အားကစားပွဲတော်ကို အိမ်ရှင်အဖြစ် ကျင်းပနိုင်ခဲ့သော်လည်း ဩစတြေးလျဘောလုံးအသင်းအုပ်စုမှပင် ထွက်ခဲ့ရသည့် မှတ်တမ်းရှိနေသည်။

ဩစတြေးလျရှေ့တန်းတိုက်စစ်မှူးများဖြစ်သည့် ဟော်မန်နှင့် ဇာလီရယ်တို့အပြင် အလယ်တန်းမှ တင်မ်ကာဟီးလ်ကလည်း တူနီးရှားနောက်တန်းကို ထိုးဖောက်မွှေနှောက်ကစားနိုင်ကြသူများဖြစ်ပြီး အခွင့်အရေးကိုအသုံးချနိုင်ကြသူများဖြစ်သည်။ဩစတြေးလျအသင်း၏ အားနည်းချက်မှာ နောက်တန်းပင်ဖြစ်သည်။ ဩစတြေးလျနောက်တန်းသည် ခံစစ်ကြောင်းအားပျော့လျက်ရှိရာ တူနီးရှားတိုက်စစ်မှူးများ၏ အင်အားသုံးထိုးဖောက်ကစားမှုကို ရေရှည်ခံနိုင်ရန် မလွယ်ပေ။ အာဖရိကမှ ခြေစွာနေသော တူနီးရှားတို့ ယခုပွဲအနိုင်ရရန် အလေးသာလျက်ရှိသည်။

အုပ်စု(ဂ)မှ နာမည်ကြီး အာဂျင်တီးနားနှင့် ဆာဘီးယားမွန်တီနီဂရိုအသင်းတို့လည်း ဩဂုတ် ၁၁ ရက် **(ယနေ့)**တွင်ပင် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်ရာ ယခုနှစ် အေသင်အိုလံပစ် အားကစားပွဲတော် အမျိုးသားဘောလုံးပြိုင်ပွဲ၌ ချန်ပီယံရွှေတံဆိပ်ရရှိမည့်အသင်းဟု ရေပန်းအစားဆုံးအသင်းဖြစ်သည့် အာဂျင်တီးနားအသင်းသည် ဆာဘီးယားကဲ့သို့ ပြိုင်ပွဲအတွေ့အကြုံနည်းသည့်အသင်းကို အပေါ်စီးမှ ကစားဖွယ်ရှိရာ အသင်းလိုက်နှင့် တစ်ဦးချင်းခြေစွမ်းပါ အာဂျင်တီးနားတို့ကို ဆာဘီးယားတို့ မယှဉ်နိုင်ပေ။

အာဂျင်တီးနား

အာဂျင်တီးနားအသင်း ယခုနှစ် အေသင်အိုလံပစ်၌ ဘောလုံးချန်ပီယံဖြစ်ရမည်ဟု အာဂျင်တီးနားနည်းပြဘီယာဆာက ကြုံးဝါးထားရာ လက်တွေ့ အကောင်အထည်ဖော်ရမည့် အချိန် စတင်ရောက်ရှိပြီဖြစ်သည်။ အာဂျင်တီးနား၌ နာမည်ကြီး ဆာဗီယိုလာနှင့် အာယာလာတို့ ပါဝင်လာသဖြင့် အာဂျင်တီးနားအသင်း တောင့်တင်းခိုင်မာလျက်ရှိသည်။

အတွေ့အကြုံ

တောင်အမေရိက ဘောလုံးအင်အားကြီး ဘရာဇီးအသင်း ခြေစစ်ပွဲမအောင်မြင်ဘဲပြုတ်ကျန်ရစ်ခဲ့သဖြင့် အာဂျင်တီးနားတို့သာ အောင်ပွဲခံနိုင်မည်ဟု နာမည်ကြီးလျက်ရှိသော်လည်း လူငယ်များဖြင့်သာ စုစည်းတည်ဆောက်ထားသော ဆာဘီးယားအသင်းကို အာဂျင်တီးနားတို့ သတိထား ကစားရမည်ဖြစ်သည်။ သို့သော် အတွေ့အကြုံနှင့် အစဉ်အလာအရ ဆာဘီးယားတို့ အာဂျင်တီးနားကို မယှဉ်နိုင်ပေ။ အာဂျင်တီးနားတို့သာ အနိုင်ရဖွယ်ရှိသည်။

၂၀၀၄ခုနှစ် အေသင်အိုလံပစ် အားကစားပွဲတော်ကြီး၏ အမျိုးသားဘောလုံးပွဲစဉ်များကို စတင်ကျင်းပနေပြီဖြစ်ရာ မကြာမီ အုပ်စုတက်မည့် အသင်းများပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

ဝန်ကြီးဗိုလ်ချုပ်စိန်ထွားအား ဂျပန်သံအမတ်ကြီးတွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဩဂုတ် ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Yuji Miyamoto သည် ယနေ့နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မူလမင်းကွန်းဓမ္မရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ်ပတ်လမ်း မူလမင်းကွန်းဓမ္မရိပ်သာကျောင်း (၇)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၂၈ရက် နံနက်တွင် ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

တိပိဋကဓရတိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သုန္ဒရအား ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

မကွေးတိုင်း ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျောက်တိုင်ရွာဇာတိ ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့ အာဇာနည် ဆရာတော်အရှင်သုန္ဒရအား ဂုဏ်ပြုပူဇော်ပွဲကို ဇူလိုင်၂၄ရက် နံနက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါပူဇော်ပွဲတွင် ဆရာတော်အား မြို့နယ်ဥက္ကဋ္ဌဦးလှသန်းနှင့် မြို့မိမြို့ဖ ဦးညွန့်ခင်တို့က မြိုင်မြို့နယ် ကိုယ်စား နဝကမ္မအလှူငွေကျပ် ရှစ်သိန်းဆက်ကပ်လှူဒါန်းရာ ဆရာတော်က မြိုင်မြို့ ဆောက်လုပ်ဆဲ ပရိယတ္တိစာသင်တိုက်အတွက် အလှူငွေကျပ်ခုနစ်သိန်းနှင့် မြိုင်အထကသို့ ချို့တဲ့ကလေး ပညာသင်စရိတ် ကျပ်တစ်သိန်းတို့ကို ပြန်လည်လှူဒါန်းသည်။ **(ဝဲအပေါ်ပုံ)**

အလားတူ ဆရာတော်၏ မွေးရပ်ဇာတိကျောက်တိုင်ရွာ၌လည်း စုပေါင်းဂုဏ်ပြုပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပရာ လှူဒါန်းငွေကျပ် နှစ်သိန်းကျော်ကို ကျေးရွာကိုယ်စား မြို့နယ်ဥက္ကဋ္ဌ ဦးလှသန်းက ဆက်ကပ်လှူဒါန်းရာ ဆရာတော်က ကျေးလက်သာယာရေးလမ်းအတွက် ပြန်လည်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေ

ရန်ကုန် ဩဂုတ် ၁၀

ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ဧရာဝတီတိုင်းတွင် ဒေသအလိုက်နှင့် ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

ဩဂုတ် ၁၁ရက် ညနေအထိ ခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း သိရသည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ဗဟိုအလုပ်အမှုဆောင် ဦးသိန်းစိန် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်မှုဟောပြော

ရန်ကုန် ဩဂုတ် ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ဖွင့်လှစ်သော အလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အခြေခံစည်းရုံးရေးသင်တန်း(၁/၂၀၀၄)တွင် အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် မွန်မြတ်မှန်ကန်ပုံ၊လက်တွေ့အောင်မြင်မှုများ ရရှိနေပုံများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဟောပြောပို့ချကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်

* ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။

* ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

တိုင်းမှူးနှင့်ဝန်ကြီး အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲတက်ရောက် ပေါင်းခံဘွိုင်လာတပ်ဆင်ပြီးစီးမှု ဝန်ကြီးဗိုလ်ချုပ်အောင်မင်း စစ်ဆေး

ရန်ကုန် ဩဂုတ် ၁၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ (ပြွန်တန်ဆာ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး ကွန်ကရစ် ဇလီဖားစက်ရုံမှ အရည်အသွေးမီ ကွန်ကရစ်ဇလီဖားတုံးများ လျာထားချက် ပြည့်မီအောင် ထုတ်လုပ်နိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရန်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကွန်ကရစ်ဇလီဖားစက်ရုံ တည်ဆောက်မှုလုပ်ငန်းခွင်၌ကွန်ကရစ်ဇလီဖားတုံးများကနဦး စမ်းသပ်ထုတ်လုပ်မှု၊ ပေါင်းခံဘွိုင်လာများ တပ်ဆင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီးတို့သည် ပဲခူးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး ပဲခူးဒီဂရီကောလိပ် ပညာရေးဝန်ထမ်းများ၏ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားပြီး ပဲခူးဒီဂရီကောလိပ်ပညာရေးဝန်ထမ်းများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်အဆိုပြုလွှာများကို ပဲခူးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဦးသိန်းဝင်းက အသင်း ဗဟို အလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသို့ ပေးအပ်သည်။

ရင်းရင်းနှီးနှီး

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ပဲခူးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးနှင့်ဆရာဆရာမများ၊ပညာရေးဝန်ထမ်းများ၊ ပဲခူးတိုင်းမှ တိုင်း၊ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊အမှုဆောင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ပဲခူး ဒီဂရီကောလိပ် Computer Training Centre ၌ ကွန်ပျူတာ အသုံးချ၍ ကျောင်းသားကျောင်းသူများ New Dynamic English သင်ယူနေမှု၊ Language Lab ၌ အင်္ဂလိပ်ဘာသာ လေ့လာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာချတန်းသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၀

စာချတန်းနှင့်ပါဠိဂုဏ်ထူးသင်တန်းကို ဝါခေါင်လဆန်း၂ရက်မှ သီတင်းကျွတ်လဆန်း၂ရက်အထိ ဗဟန်းကြားတောရလမ်း ကုန်သွယ်/လယ်ယာဓမ္မာရုံ၌ စတုတ္ထအကြိမ်အဖြစ် ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်သည်။

သင်တန်းတွင် ပါရာဇိကဏ်ကို မွန်းလွဲ၂နာရီမှ ၃နာရီအထိ လည်းကောင်း၊ သီလက္ခန်ကို ညနေ၃နာရီမှ ၄နာရီအထိလည်းကောင်း၊ န-ပ-သ အဘိဓမ္မာမဟာဌာန တွဲဖက်ပါမောက္ခ သာသနာရေးဝန်ကြီးဌာန အကြံပေး ပုဂ္ဂိုလ် ပါဠိဂုဏ်ထူးဆရာကြီးဦးအောင်ခိုင်က ဆိုရိုးစုံပြ ဓမ္မာစရိယ ကြေးမုံကျမ်းကိုမှုထား၍ ခေတ်မီနည်းစနစ်ဖြင့် ကြံဆနည်း၊ ဖြေဆိုနည်းရအောင်သင်ပြပို့ချပေးမည်ဖြစ်သည်။

ပါဠိဂုဏ်ထူးကို ဩဂုတ်၁၄ရက်မှစ၍ အိမ်၌ပို့ချမည်ဖြစ်သည်။စိတ်ပါဝင်စားသူများ ဗဟန်း၃လမ်း တိုက်၃၁ အခန်း(B-2)၌ စုံစမ်းစာရင်း ပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ထူးကဲဒီရေတက်ဖွယ်

ရန်ကုန် ဩဂုတ် ၁၀

ဩဂုတ် ၁၆ရက်မှ၂၂ရက်အထိကာလအတွင်း ရန်ကုန် မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ဒသမ၀၁ပေခန့်မှ ၂၀ ဒသမ ၅၁ပေခန့်အထိထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မစိုးရိမ်ရွှေကျင်တိုက်သစ် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၈ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ပဓာနနာယက အောင်လံ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏာလင်္ကာရ အမှူးပြု သော စာချစာသင် သံဃာတော်များနှင့်ပင့်သံဃာတော်များအား တပည့် ဒါယကာ၊ ဒါယိကာမများက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်သင်တန်းများပို့ချမည်

ရန်ကုန် ဩဂုတ် ၁၀

စစ်ကိုင်းတိုင်း ကလေးမြို့ မြစည်တော်သာသနာ့ရိပ်သာကျောင်းတိုက်တွင် မြစည်တော်ဆရာတော်ကြီးနှင့်တကွ ဘဒ္ဒန္တဇောတိက၊ ဘဒ္ဒန္တဝိပုလ၊ ဆရာကြီးဦးသက်မိုးနှင့် ဆရာကြီးဦးထွန်းအောင်တို့က အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်းများကို ပို့ချပေးလျက်ရှိသည်။ မည်သူမဆို သင်တန်း လာရောက်သင်ယူလေ့လာနိုင်ကြောင်း သိရသည်။ **(က-ပ)**

စစ်ကိုင်းတိုင်း ခမ်းပတ်ထပ်ဆင့်လွှင့်စက်ရုံ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များ စတင်ထုတ်လွှင့်

ရန်ကုန် ဩဂုတ် ၁၀

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ စစ်ကိုင်းတိုင်း ခမ်းပတ်၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၄ခုနှစ် ဩဂုတ် ၅ ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါစက်ရုံမှ လွှင့်အား(၁၀)ဝပ်၊ လှိုင်းနှုန်း(၆)ဖြင့် ဩဂုတ် ၇ ရက် နံနက်ပိုင်းမှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(LL.B.)
01-375822

Y.E.S.မှ အင်္ဂလိပ်စကားပြော သင်တန်းများ
Basic Spoken English : AUG - 9,16,21,23,30
Pre-Intermediate English : AUG-16,21,23
Basic Writing, Intermediate English: AUG -21
Grammar Foundation Course : AUG - 23
Vocabulary Enrichment Course : AUG - 30
SAT (I), TOEFL, IELTS,SAT (II) : AUG - 3,23,28
No.119, Y.W.C.A Building, Bogalayzay St., Botataung Tsp. 245821
No.190, 2nd Flr., 28th St. (Upper), Pabedan Tsp. ☎ 243950

SUCCESS LANGUAGE ACADEMY
SPOKEN ENGLISH
1:00 - 3:00 p.m. 14.8.04 Sat + Sun
1:00 - 2:30 p.m. 16.8.04 Mon to Thu
3:30 - 5:00 p.m. 16.8.04 Mon to Thu
ဖုန်း 202046

လူမှုစီးပွားဆိုင်ရာ
သတင်းဦးသတင်းထူးများ ပါဝင်သည့်
The VOICE သတင်းဂျာနယ်
၁၆-၈-၂၀၀၄ နေ့တွင်
စာဖတ်သူများထံ ပို့ဆောင်ပါမည်။

ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့် မြို့နယ်မီးသတ်စခန်းများစစ်ဆေး အမျိုးသမီးများပြုစုစောင့်ရှောက်ရေးလုပ်ငန်း လိုအပ်ချက်များဖြည့်ဆည်းပေး

ရန်ကုန် ဩဂုတ် ၁၀

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးဦးမြသိန်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်း တွံတေးမြို့နယ်ရှိ မြို့နယ်မီးသတ်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန (တွံတေး)သို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ ရှင်းလင်းဆောင်တွင် အုပ်ချုပ်ရေးမှူး ဒေါ်အေးသိန်းက အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာန(တွံတေး) စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အသက်မွေးမှု၊ ပညာရပ်များ သင်ကြားလေ့ကျင့်ပေးမှုနှင့် ပြန်လည် နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည်အမျိုးသမီးများပြုစုစောင့်ရှောက်ရေးဌာနအတွင်းရှိ လက်မှုပညာသင်ခန်း၊ စက်ချုပ်ခန်း၊ အိပ်ဆောင်များ၊ စားဖိုဆောင်နှင့်ဝင်းအတွင်း သစ်ပင်များစိုက်ပျိုးထားရှိမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား ဖြည့်ဆည်းမှာကြားပေးသည်။**(အပေါ်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒလမြို့နယ်မီးသတ်တပ်ဖွဲ့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး မီးသတ်ယာဉ်များကြံ့ခိုင်မှုရှိရေး၊ မီးသတ်ယာဉ်အဝင်/အထွက်လမ်းကောင်းမွန်ရေး၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ ပိုမိုစည်းရုံးရေးစသည့် ကိစ္စရပ်များအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၁၀

မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်ဦးရပ် ကြည်ကုန်းနယ်မြေကျောင်းသစ်ကျောင်း မိုးကုတ်ရိပ်သာအဖွဲ့ခွဲ အမှတ်(၁၂၉)၏ ဝါတွင်းကာလ အထူးတရားစခန်းပွဲကို ဩဂုတ်၁၆ ရက်မှ ၂၂ရက်အထိ ကျင်းပမည် ဖြစ်သည်။ ယင်းတရားစခန်းပွဲကို ရိပ်သာပဓာနနာယက ကျောင်းသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာစာရ (ကမ္မဋ္ဌာနာစရိယ)က ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ရာဖုန်း-၀၆၄-၂၂၁၆၅သို့ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

၂၀၀၄–၂၀၀၅ ဘောလုံးရာသီ ပရီမီးယားလိဂ် ကန့်လန့်ကာအဖွင့် ချယ်လ်ဆီးနှင့် မန်ယူအကြိတ်အနယ် ယှဉ်ပြိုင်ကစားမည်

သတင်းဆောင်းပါး
ကိုထွေး

ရန်ကုန် ဩဂုတ် ၁၀

၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီ အင်္ဂလန်ပရီမီးယားလိဂ်ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၄ ရက်၌ စတင်ကျင်းပတော့မည်ဖြစ်သည်။ အင်္ဂလန်ပရီမီးယားလိဂ်၌ အသင်း ၂၀ ပါဝင်ပြီး အိမ်ကွင်း၊ အဝေးကွင်း အပြန်အလှန်ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ တစ်သင်းလျှင် ၃၈ပွဲ ကစားရသော ခရီးရှည်ပြိုင်ပွဲကြီးတစ်ရပ်ဖြစ်သည်။ အင်္ဂလန်ပရီမီးယားလိဂ်သည် တစ်ကမ္ဘာလုံးမှ ဘောလုံးဝါသနာရှင်များကို ဖမ်းစားထားနိုင်သော အဆင့်မြင့်တန်းပြိုင်ပွဲတစ်ရပ်ဖြစ်သည်။ အီတလီစီးရီးအေ၊ စပိန်လာလီဂါ၊ ဂျာမန်ဘွန်ဒက်လီဂါနှင့် ပြင်သစ် ပထမတန်းပြိုင်ပွဲများထက် အင်္ဂလန်ပရီမီးယားလိဂ်ပွဲစဉ်များကို မြန်မာ့ဘောလုံးဝါသနာရှင်များ ပို၍ စိတ်ဝင်တစား ကြည့်ရှုကြသည်။ သို့ဖြစ်ရာ မြန်မာ့အလင်း ဘောလုံးဝါသနာရှင် ပရိသတ်များအတွက် ပရီမီးယားလိဂ် ပွဲကြိုသုံးသပ်ချက်ကို ရေးသားတင်ပြလိုက်ပါသည်။

အတန်းဆင်း၊ အတန်းတက်

ပရီမီးယားလိဂ်၌ အသင်း ၂၀ ပါဝင်ယှဉ်ပြိုင်ကြရာ ပွဲစဉ်များပြီး ဆုံးချိန်တွင် အမှတ်ပေးဇယားအောက်ဆုံးမှ သုံးသင်းပထမတန်းသို့ဆင်းရပြီး ပထမတန်းမှ ထိပ်ဆုံး သုံးသင်း ပရီမီးယားလိဂ်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရရှိကြသည်။ ယမန်နှစ်ဘောလုံးရာသီ၌ လိဒ်စ်၊ လက်စတာနှင့် ဝုလ်ဗာဟမ်တန်တို့ အမှတ်ပေးဇယား အောက်ဆုံး၌သာ ရပ်တည်နိုင်ခဲ့ကြ၍ ပထမတန်းသို့ ဆင်းသွားရပြီဖြစ်သည်။ ယခုနှစ် ဘောလုံးရာသီတွင် ပထမတန်းမှ နော်ဝစ်ချ်စီးတီး၊ ခရစ္စတယ်ပဲလေ့စ်နှင့် ဝက်စ်ဘရွန်းတို့ ပရီမီးယားလိဂ်သို့ တက်ရောက်လာကြသည်။ ယမန်နှစ် ဘောလုံးရာသီ၌ အာဆင်နယ်က ပထမ၊ ချယ်လ်ဆီးက ဒုတိယ၊ မန်ယူက တတိယရရှိခဲ့ကြသည်။

ချယ်လ်ဆီးနှင့်မန်ယူ

၂၀၀၄–၂၀၀၅ခုနှစ် ဘောလုံးရာသီ ပရီမီးယားလိဂ် ကန့်လန့်ကာအဖွင့်၌ ချယ်လ်ဆီးနှင့် မန်ချက်စတာယူနိုက်တက်တို့ ဆုံတွေ့ကြမည်ဖြစ်ရာ ပရိသတ်များအကြိုက်တွေ့မည့် ပွဲစဉ်ပင်ဖြစ်သည်။ ယမန်နှစ်က ဒုတိယရရှိခဲ့သော ချယ်လ်ဆီးနှင့် တတိယရရှိခဲ့သော မန်ချက်စတာယူနိုက်တက်တို့၏ ထိပ်တိုက်ဆုံတွေ့မှုသည် အဖွင့်ပွဲစဉ်များအနက် အကောင်းဆုံး ပွဲတစ်ပွဲဖြစ်လာနိုင်သည်။ ချယ်လ်ဆီး နည်းပြသစ် မော်ရင်ဟိုနှင့် မန်ယူနည်းပြဖာဂူဆန်တို့သည် အခါက ပြိုင်ဘက်များဖြစ်နေပြီး တစ်ဦးနှင့်တစ်ဦး ပြိုင်ပွဲအကြို စကားစစ်ထိုးလျက် ရှိသည်။

ယမန်နှစ် ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတွင် နည်းပြမော်ရင်ဟို တာဝန်ယူခဲ့သော ပေါ်တိုအသင်းက အိမ်ကွင်း၌ မန်ယူကိုနှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ကစားပြီး အဝေးကွင်း၌ တစ်ဂိုးစီသရေကျအောင် ကစားပြခဲ့သည်။



၂၀၀၃–၂၀၀၄ ပရီမီးယားလိဂ် ပွဲစဉ်အဖြစ် ချယ်လ်ဆီး နှင့် မန်ယူ ပွဲ တွင် ချယ်လ် ဆီး မှ ဂျို ကိုး လ် က မန်ယူဘက်သို့ ထိုးဖောက်ကစားရာ မန်ယူနောက်ခံလူဆီ ဗက်စတာ ဟန့်တားစဉ်။

ချန်ပီယံလိဂ် ရှုံးထွက်အဆင့်၌ ပေါ်တိုကမန်ယူကို ပြိုင်ပွဲမှထွက်သွားစေခဲ့သည်။ အဆိုပါအချက်မှာ ချယ်လ်ဆီးနှင့် မန်ယူပွဲကို စိတ်ဝင်စားမှု ပိုရှိစေခဲ့ခြင်းဖြစ်သည်။ ယမန်နှစ် ဘောလုံးရာသီဆုံတွေ့မှု၌ ချယ်လ်ဆီးကွင်း၌ ချယ်လ်ဆီးက တစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး မန်ယူကွင်း၌ တစ်ဂိုးစီသရေကျခဲ့သည်။

ယခုနှစ် ချယ်လ်ဆီးအသင်းသည် ယမန်နှစ်အသင်းနှင့် မတူဘဲ အပြောင်းအလဲများစွာ ပြုလုပ်ထားသည်။ ချယ်လ်ဆီးအသင်းပိုင်ရှင် ရုရှားသူဌေး အဘရာမိုဗစ်သည် နည်းပြ ရေနီရာနီအား ထုတ်ပယ်ပြီးနောက် ပေါ်တိုအသင်းကို ချန်ပီယံလိဂ် ဆုဖလားရယူပေးခဲ့သည့် နည်းပြမော်ရင်ဟိုအား တာဝန်ပေးခဲ့သည်။ နည်းပြမော်ရင်ဟိုသည် တစ်နှစ်လျှင် လုပ်ခလစာ စတာလင်ပေါင် ငါးသန်းရရှိမည်ဖြစ်ရာ ကြေးကြီးသော နည်းပြတစ်ဦး ဖြစ်လာသည်။ မန်ယူနည်းပြ ဖာဂူဆန်ထက် အသက် ၂၀ခန့် ပိုငယ်သော နည်းပြမော်ရင်ဟိုက ပရီမီးယားလိဂ်ချန်ပီယံ ချယ်လ်ဆီးဖြစ်ရမည်ဟု ယုံကြည်ချက်အပြည့် ထားလျက်ရှိသည်။

နည်းပြမော်ရင်ဟို ချယ်လ်ဆီးအသင်းကို တာဝန်ယူပြီးနောက် အလယ်တန်းလူ ဗီရွန်နှင့် တိုက်စစ်မှူး ခရက်စပိုတို့ အင်တာမီလန်နှင့် အေစီမီလန်အသင်းများသို့ အငှားစာချုပ်နှင့် သွားရောက်ခဲ့ကြသည်။ နောက်ဆုံးသတင်းများအရ တိုက်စစ်မှူး မူတူးသည် နည်းပြမော်ရင်ဟိုက ပထမကစားသမားနေရာအတွက် အာမခံချက် မပေးနိုင်သဖြင့် ဂျူဗင်းတပ်အသင်းသို့ ပြောင်းရွှေ့ရန် စီစဉ်နေသည်။ ချယ်လ်ဆီးအသင်းသည် ပီတာဆက်ချ် (ဂိုး)၊ ပေါ်လိုဖာရဲရှား၊ ရော်ဘင်၊ ကက်ဇ်မန်း၊ ဒရော့ဘာ၊ မန်းဒက်နှင့် ရီကာဒိုကာဗယ်ဟိုနှင့် ကာလ်တန်ကိုးတို့ကို ခေါ်ယူခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ကစားသမား ရှစ်ဦးကို ထပ်မံအားဖြည့်သည့်အတွက် အသုံးစရိတ်ပေါင် ၇၁ သန်း ကုန်ကျခဲ့သည်။ ချယ်လ်ဆီးအသင်း၏ စံချိန်တင်လောက်အောင် ကစားသမားဝယ်ယူမှုအပေါ် ပြိုင်ဘက်အသင်းများက မျက်စိဆံပင်မွေး စူးနေပြီး မန်ယူနည်းပြကြီး ဖာဂူဆန်က ဘောလုံးမှာ ငွေရှိတိုင်း မအောင်မြင်နိုင်ပါဘူးဟုပင် ပြောခဲ့သည်။

အာဆင်နယ်အသင်းမှ ဘောလုံးသမားများ အား ၂၀၀၃–၂၀၀၄ ဘောလုံးရာသီ ပရီမီးယားလိဂ် ချန်ပီယံဖလားနှင့်အတူ ဤသို့တွေ့ရသည်။

မန်ယူကလည်း အလယ်တန်းလူ နစ်ကီဘတ်ကို လျှော့ဈေးဖြင့် ရောင်းထုတ်လိုက်ပြီး ဟိန့်ဇ်၊ မေလာ၊ အလန်စမစ်၊ ဂျာရတ်ပစ်နှင့် ရော့စီတို့ငါးဦးကို ဝယ်ယူအင်အားဖြည့်တင်းထားသည်။ ရှေ့တန်းအားနည်းချက်ကို ကုစားရန် အဲဗာတန်မှ ဝိန်းရူနီကို ခေါ်မည်ဟု လေသံပစ်ခဲ့သော်လည်း လက်ရှိအချိန်အထိ မရေရာသေးပေ။ မန်ယူအသင်းသည်ပရီမီးယားလိဂ်ဆုဖလားကို အာဆင်နယ်အား လွှဲပြောင်းပေးခဲ့ရသဖြင့် ယခုနှစ်ဘောလုံးရာသီတွင် အထူးအားထည့်ကစားမည် ဖြစ်သည်။

ချယ်လ်ဆီးနှင့် မန်ယူပွဲစဉ်သည် ကစားသမားများသာမက နည်းပြနှစ်ဦးပါ ပြိုင်ဆိုင်ရမည့်ပွဲ ဖြစ်သည်။ ချယ်လ်ဆီးအသင်း၏ ထပ်မံအားဖြည့်ထားမှု အနေအထားအရ အထူးအားရဖွယ်ဖြစ်သော်လည်း ပရီမီးယားလိဂ်၌ ချက်ချင်းအသားကျရန် မလွယ်သေးချေ။ အမေရိကန် ခရီးစဉ်၌ ချယ်လ်ဆီးအသင်း ခြေစွမ်းပြနိုင်ခဲ့သော်လည်း ပရီမီးယားလိဂ်အတွေ့အကြုံများပြီး အသင်းလိုက် ကစားကွက် အခြေကျနေသည့် မန်ယူကို လွယ်လွယ်ဖြင့်အနိုင်ရမည်မဟုတ်ပေ။

ချယ်လ်ဆီးအနေဖြင့် စတန်းဖို့ဘရစ်၌ ကစားရခြင်းက အားသာချက်တစ်ခု ဖြစ်၍ နည်းပြ မော်ရင်ဟို အပြောကြီးသလောက် နည်းဗျူဟာကောင်းခဲ့လျှင် အနိုင်ရသင့်သောပွဲပင်ဖြစ်သည်။ သို့သော် မန်ယူအသင်းသည် အသင်းဖွဲ့စည်းပုံ အသားကျပြီးဖြစ်၍ အဝေးကွင်း၊ အိမ်ကွင်းမရွေးဘဲ တိုက်စစ်ဖွင့်ကစားမည်ဖြစ်သည်။ အနိုင်အရှုံး မပေါ်ဘဲ သရေဖြစ်ရန်များနေပြီး ချယ်လ်ဆီးနိုင်လျှင် ပွတ်ကာသီကာပင် ဖြစ်မည်။

အဲဗာတန်နှင့် အာဆင်နယ်

၂၀၀၃–၂၀၀၄ ခုနှစ် ပရီမီးယားလိဂ်ပြိုင်ပွဲ၌ ရှုံးပွဲမရှိဘဲ ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့သော အာဆင်နယ်အသင်းသည် ပွဲစဉ်(၁)၌ အဲဗာတန်နှင့် အဝေးကွင်းပွဲ ကစားရမည်ဖြစ်သည်။ အာဆင်နယ် အသင်းခေါင်းဆောင် ဗီယာရာက ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ရန် နီးစပ်နေပြီဟု သတင်းများပေါ်ထွက်နေရာ အမှန်တကယ် ပြောင်းရွှေ့ဖြစ်ခဲ့လျှင် အလယ်တန်း အားနည်းသွားနိုင်သည်။ အာဆင်နယ်မှ ဆိုးကမ်းဘဲလ်သည် ယူရို–၂၀၀၄ တွင် ဒဏ်ရာ ရရှိခဲ့ရာ အဖွင့်ပွဲစဉ်၌ ပါဝင်ရန် မသေချာလှပေ။

အာဆင်နယ် အသင်းနှင့် အဲဗာတန် အသင်းတို့ ယမန်နှစ် ဘောလုံးရာသီက ဆုံတွေ့မှု၌ အဲဗာတန်ကွင်း၌ တစ်ဂိုးစီသရေကျခဲ့ပြီး အာဆင်နယ်ကွင်း၌ အာဆင်နယ်က နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အစဉ်အလာအရ အာဆင်နယ်က အဲဗာတန်ကို ငယ်နိုင်လိုဖြစ်နေပြီး ရှုံးပွဲမရှိ စံချိန်ကို ဆက်ထိန်းရန် ကြိုးစားမည်ဖြစ်ရာ အဲဗာတန် အဖွင့်ပွဲရလဒ် မကောင်းနိုင်ပေ။

အဲဗာတန်အသင်းသည် ယမန်နှစ် ဘောလုံးရာသီက အဆင့်(၁၇) သာ ရခဲ့သည်။ တိုက်စစ်မှူး ဝိန်းရူနီကလည်း အသင်းပြောင်းရန် ဆန္ဒရှိနေရာ ရက်ပိုင်းအတွင်း အဆုံးအဖြတ်ပေါ်မည်ဖြစ်သည်။ အာဆင်နယ်က ယမန်နှစ် လူစာရင်းအတိုင်းပင်လျှင် တောင့်တင်းနေပြီဖြစ်သော်လည်း ရော်ဘင်၊ ဗန်ပါစီနှင့် မက်သရူးဖလာဖိနီတို့ကို ထပ်မံအားဖြည့်ထားသည်။ ခြေစမ်းပွဲများ၌ ၎င်းတို့ ခြေစွမ်းပြနိုင်၍ ပွဲဦးထွက်၌ နည်းပြ အာဆင်ဝင်းဂါး ထည့်သုံးနိုင်ဖွယ်ရှိသည်။ အာဆင်နယ် ပုံမှန်ခြေရခဲ့လျှင် သရေပင်မကျနိုင်ပေ။ အဲဗာတန်က အိမ်ကွင်းမာလေ့ရှိရာ အာဆင်နယ် ဂိုးများများ သွင်းနိုင်ပါ့မလားဟု တွေးကြည့်မိသည်။

တော့တင်ဟမ်နှင့် လီဗာပူး

ယမန်နှစ် ဘောလုံးရာသီက စတုတ္ထနေရာရခဲ့သော လီဗာပူးအသင်းသည် နည်းပြ ဟူးလီယာ နေရာတွင် ဗလင်စီယာနည်းပြ ဘင်နီတက်ဇ်ရောက်လာ၍ အပြောင်းအလဲများ မြင်တွေ့ရမည်ဖြစ်သည်။ တိုက်စစ်မှူး မိုက်ကယ်အိုဝင် အသင်း၌ဆက်မြဲနေပြီး အလယ်တန်းလူ စတီဗင်ဂျာရတ်လည်း ယခုပုံအတိုင်းဆိုလျှင် အသင်းပြောင်းဖြစ်လိမ့်မည်မထင်ပေ။ ဆစ်စီနှင့်ဂျိုဆေးမီတို့ကို အားဖြည့်ထားပြီး အမေရိကန်ခရီးစဉ်၌ ရိုးမားကို အနိုင်ရရှိခဲ့ရာ ဆစ်စီနှင့် မိုက်ကယ်အိုဝင်တို့ တစ်ဂိုးစီ သွင်းခဲ့ကြသည်။ တိုက်စစ်မှူးဆစ်စီ အချိန်တိုအတွင်း အသင်းနှင့်အံဝင်အောင် ကစားနိုင်သလို မိုက်ကယ်အိုဝင် ဂိုးသွင်းခြေပြန်ရလာ၍ အားရစရာပင်ဖြစ်သည်။

အိမ်ရှင်အဖြစ်ဧည့်ခံကစားမည့် တော့တင်ဟမ်ဟော့စပါးအသင်းသည် ယမန်နှစ်ဘောလုံးရာသီက အဆင့်(၁၄) ရရှိခဲ့သည်။ တော့တင်ဟမ်အသင်း လူသစ်နှစ်ဦးအားဖြည့်ထားသော်လည်း ခြေစမ်းပွဲ၌ ဆဲလ်တစ်ကိုငါးဂိုး–တစ်ဂိုးဖြင့် အနိုင်ရထားသော လီဗာပူးကို သရေကျရန်ပင် အတော်ကြိုးစားရမည်ဖြစ်သည်။ ယမန်နှစ်ဘောလုံးရာသီက ဆုံတွေ့ခဲ့မှု၌ တော့တင်ဟမ်ကွင်း၌ တော့တင်ဟမ်က နှစ်ဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး လီဗာပူးကွင်း၌ ဂိုးမရှိသရေကျခဲ့သည်။ လီဗာပူးလူစုံတက်စုံနှင့် ခြေကုန်ထုတ်ကစားလျှင် အနိုင်ရရန်မခက်ပေ။ နည်းပြဘင်နီတက်ဇ်၏ နည်းဗျူဟာနှင့် လီဗာပူးကစားကွက် မည်သို့ဖြစ်မည်ကို စိတ်ဝင်တစားစောင့်ကြည့်ရမည်ဖြစ်သည်။

အခြားပွဲစဉ်များ

ဩဂုတ် ၁၄ ရက် (စနေနေ့)တွင် ရှစ်ပွဲကစားမည်ဖြစ်ရာ မစ်ဒယ်ဘရော့နှင့် နယူးကာဆယ် ပွဲသည်လည်း ပွဲကောင်းပင်ဖြစ်သည်။ ယမန်နှစ်က ကားလင်းဖလား ဆွတ်ခူးထားသော အိမ်ရှင်မစ်ဒယ်ဘရော့ကို ယမန်နှစ် ပရီမီးယားလိဂ်၌ အဆင့်(၅) ရခဲ့သော နယူးကာဆယ် အနိုင်ရဖွယ် မမြင်ပေ။ မစ်ဒယ်ဘရော့တွင် ချယ်လ်ဆီးမှ ဟက်ဆယ်ဘိန့်ခ်၊ လိဒ်စ်မှ ဗီဒူကာ၊ ဘာဆီလိုနာမှ ရိုင်ဇီဂါ၊ အာဆင်နယ်မှ ရေးပါလာတို့ကို ခေါ်ယူထားရာ အသွင်သစ် မစ်ဒယ်ဘရော့ကို မြင်ရနိုင်သည်။နယူးကာဆယ်ကမန်ယူမှနစ်ကီဘတ်၊ ဘာစီလိုနာမှ ကလွိုက်ဗက်၊ လိဒ်စ်မှ ဂျိမ်းမီနာတို့ကို ခေါ်ယူထားရာ နည်းပြကြီး ဘော်ဘီရော့ဆင် အနိုင်တွက်ကစားမည်ဖြစ်သည်။ မစ်ဒယ်ဘရော့က အိမ်ကွင်းအားသာချက်ရှိနေ၍ သုံးမှတ်ရသွားနိုင်သည်။

အက်စတွန်ဗီလာကွင်း၌ အက်စတွန်ဗီလာက ဆောက်သမ်တန်ကို ဧည့်ခံကစားရမည်ဖြစ်ရာ အလေးသာနေသည်။ နှစ်သင်းစလုံး လူအင်အားဖြည့်တင်းမှု ထူးထူးခြားခြား မရှိပေ။ ယမန်နှစ် ဘောလုံးရာသီတွင် အက်စတွန်ဗီလာက အိမ်ကွင်း၌ တစ်ဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး အဝေးကွင်း၌ တစ်ဂိုးစီသရေကျခဲ့သည်။ အက်စတွန်ဗီလာနိုင်မည့်ဘက်က ဖြစ်နိုင်ချေ များနေသည်။

ဘော်လတန်နှင့် ချာလ်တန်ပွဲသည် အိမ်ရှင် ဘော်လတန်၏ လူသစ်များ အစွမ်းပြမပြကို ကြည့်ရမည်ဖြစ်သည်။ ဘော်လတန်က လိဒ်စ်မှ မိုက်ကယ်ဘရစ်ဂျက်၊ လက်စတာမှ လက်စ်ဖာဒီနန်၊ နယူးကာဆယ်မှ ဂယ်ရီစပိဒ်နှင့် ကာတာမှ ဟီရာရိုတို့ကို ခေါ်ယူထားသည်။ ယမန်နှစ် ဘောလုံးရာသီက အသင်းကြီးများကို ဒုက္ခပေးခဲ့သော ချာလ်တန် ယခုပွဲလွယ်မည်မဟုတ်ပေ။ အိမ်ရှင်ဘော်လတန် သရေနှင့် ကျေနပ်မည်မဟုတ်ဘဲ အနိုင်ကစားပြမည်ဟု ထင်မိသည်။

မန်စီးတီးနှင့် ဖူဟမ်ပွဲကလည်း တစ်မျိုးတစ်ဖုံ ကြည့်ကောင်းနိုင်သည်။ ဖူဟမ်က ဘလက်ဘန်းမှ အင်ဒီကိုးလ်ကို ကျဈေးနှင့် ရထားပြီး ချာလ်တန်မှ ဂျက်ဆင်၊ အဲဗာတန်မှ ရာဇင်စကီးတို့ကို အားဖြည့်ထားသည်။ မန်ယူရောက်သွားသည့် လူးဝစ္စဆာဟာ၏ကွက်လပ်ကို အင်ဒီကိုးလ် ဖြည့်နိုင်ပါမည်လား။ ယမန်နှစ်ဘောလုံးရာသီက ဆုံတွေ့မှု၌ နှစ်ပွဲစလုံး သရေပွဲဖြစ်ခဲ့သည်။

ပို့စ်မောက်နှင့် ဘာမင်ဂမ်တို့ ပွဲစဉ်သည် အိမ်ရှင် ပို့စ်မောက် ရလဒ်ကောင်းနိုင်သည်။ ပရီမီးယားလိဂ်သို့ တက်ရောက်လာသည့် ပထမနှစ်၌ပင် အဆင့်(၁၃) ရရှိခဲ့သော ပို့စ်မောက်အသင်းသည် နယူးကာဆယ်မှ အင်ဒီဂါးဖင်းနှင့် လွာလွာ၊ အဲဗာတန်မှ ဒေးဗစ်ဒန်းနက်တို့ကို အားဖြည့်ထားရာ ချန်ပီယံလိဂ်ဝင်ခွင့် ချိန်မည့်ပုံ ပေါ်သည်။ ယမန်နှစ် ဘောလုံးရာသီက အိမ်ကွင်း၌ ပို့စ်မောက်က ဘာမင်ဂမ်ကို နိုင်ခဲ့သလို ယခုနှစ်၌လည်း အပြောင်းအလဲ မရှိနိုင်ပေ။

ဘလက်ဘန်းနှင့် ပထမတန်းမှတက်လာသော ဝက်စ်ဘရွန်းတို့ ဆုံသောပွဲတွင် အိမ်ရှင်ဘလက်ဘန်းအနေဖြင့် လျှော့တွက်လျှင် ခံစားသွားရနိုင်သည်။ ဝက်စ်ဘရွန်းက ပရီမီးယားလိဂ်ကို တစ်ကျော့ပြန်ရောက်လာခြင်းဖြစ်၍ ဘလက်ဘန်း ခြေမမှန်ခဲ့လျှင် အဝေးကွင်း၌ အနိုင်ကန်သွားပေလိမ့်မည်။ နော်ဝစ်ချ်စီးတီးနှင့် ခရစ္စတယ်ပဲလေ့စ်တို့ ပွဲမှာ ပထမတန်းမှတက်လာသောအသင်းချင်းဖြစ်၍ ခြေကွာလှမည်မထင်ပေ။အိမ်ရှင်ဖြစ်၍နော်ဝစ်ချ်စီးတီးက နှာတစ်ဖျားသာနေသကဲ့သို့ ပထမတန်းချန်ပီယံဆိုသည့် ဂုဏ်ကို ထိန်းရမည်ဖြစ်ရာ ပွတ်ကာသီကာ နိုင်သွားဖွယ်ရှိသည်။

ဩဂုတ် ၁၅ ရက်

ပရိသတ်အကြိုက် ပွဲကြီးပွဲကောင်းများဖြစ်သည့် ချယ်လ်ဆီးနှင့် မန်ယူ၊ အဲဗာတန်နှင့် အာဆင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၅ ရက်(တနင်္ဂနွေနေ့)၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ။ (မြန်မာ့အလင်း)

ဆင်းရှေ့ဝါစပါးစိုက်မည့်တောင်သူများ ပြင်ဦးလွင်မြို့နယ်ဥက္ကဋ္ဌတွေ့ဆုံ စိုက်နည်းစနစ်မှန်ကန်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးမည်

ပြင်ဦးလွင် ဇူလိုင် ၂၀

ပြင်ဦးလွင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပါစည်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇူလိုင် ၅ရက်က ဆင်းရှေ့ဝါ စပါးစိုက်ပျိုးမည့် ဟိုလိပ်-သင်္ဂတုန်-ဝက်ဝံကျေးရွာအုပ်စုများတွင် တောင်သူများနှင့်တွေ့ဆုံဆွေးနွေးကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးပါစည်က အမှာစကားပြောကြားရာတွင် မျိုးကောင်းမျိုးသန့်ဆင်းရှေ့ဝါ စပါးစိုက်ပျိုးခြင်းသည် တောင်သူများဝင်ငွေတိုးပြီး တစ်ဧကတင်း ၁၀၀ကျော်ထွက်ရှိသည့်အပြင် မြို့နယ်အတွင်းဝမ်းစာစပါးဖူလုံနိုင်ကြောင်း၊ ဆင်းရှေ့ဝါစပါးစိုက်ပျိုးရေးနှင့် စိုက်နည်းစနစ်မှန်ကန်ရေးအတွက် စိုက်ပျိုးရေးဌာန ဝန်ထမ်းများနှင့် ပူးပေါင်း၍ လိုအပ်သည်များ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအေးလွင်က ဆင်းရှေ့ဝါစပါး ပျိုးထောင်နည်းနှင့် ရိတ်သိမ်းချိန်အထိ လုပ်ဆောင်ရမည့် လုပ်ငန်းများကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

စိုက်ပျိုးသွားမည်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပျိုးထောင်စိုက်ပျိုးမည့် လယ်ကွင်းများကို ကြည့်ရှုကြရာ ဆင်းရှေ့ဝါစပါးကို ဟိုလိပ်-သင်္ဂတုန်-ဝက်ဝံကျေးရွာအုပ်စုများ၌ ဧက ၅၀စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ (၂၈၀)

ကျေးလက်သတင်းနှင့်မြင်ကွင်း

ရန်ကုန်တောင်ပိုင်းခရိုင်သုံးခွမြို့နယ် အောင်သာဒါန်းကျေးရွာ "အနှစ်သာရ" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၁၈ ရက်က ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးကျော်ဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးညွန့်ရွှေနှင့် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးဟန်မြင့်တို့ ဖွင့်လှစ် ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ တပ်ကုန်းမြို့နယ်တွင် ကျင်းပ

တပ်ကုန်း ဇူလိုင် ၁၅

တပ်ကုန်းမြို့နယ် ခေတ်အေးကျေးရွာအုပ်စု ရန်ကုန်-မန္တလေးကားလမ်းမဘေးဝဲယာ၌ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၀ ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝေ၊ မြို့နယ်စိမ်းစိုဦးစီးမှူး ဦးအောင်ခိုင်နှင့်ဝန်ထမ်းများ၊ သစ်တောဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌ ဦးမောင်အေးနှင့်အဖွဲ့ဝင်များ၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ကျေးရွာသူကျေးရွာသားများစုပေါင်း၍ မဲဇလီပင်နှင့် သစ်ဆိမ့်ပင် ၂၀၀၀ ကျော်ကိုတပျော်တပါးစုပေါင်းစိုက်ပျိုးကြသည်။ **(ယာပုံ)** (၂၆၆)

ထရန်စဖော်မာတပ်ဆင်ခြင်း လုပ်ငန်းကြည့်ရှုစစ်ဆေး

ပြည် ဇူလိုင် ၁၇

ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင်သည် ဇူလိုင်၁၂ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးသန်းနှင့်အတူ ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ် မြို့ပြ ရေပေးရေးလုပ်ငန်းဖြစ်သော မြို့သစ်ရပ် စက်ရေတွင်း အမှတ်(၁၀)တွင် စွမ်းအားပြည့် လည်ပတ်နိုင်ရေးနှင့် ရေပိုမိုပေးနိုင်ရေးအတွက် 50 K.V.A ထရန်စဖော်မာ တပ်ဆင်ခြင်းလုပ်ငန်းကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များပြောကြားခဲ့ကြောင်း သိရသည်။ (၄၀၃)

ကွမ်းခြံကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့်မြို့တွင်းရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများကိုအပတ်စဉ် ဇူလိုင်၃၀ရက်က စတင်၍ဗဟိုဈေးလမ်း ရေမြောင်းများဆယ်ယူခြင်းနှင့် ချုံမြက်ခုတ်ထွင်ခြင်းတို့ကို စည်ပင်သာယာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌဦးကျော်ရွှေနှင့် အမှုဆောင်အရာရှိ ဦးမောင်မောင်အေးတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

စာပေနှင့် စာနယ်ဇင်းအဖွဲ့တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အတွေ့အကြုံ နေပြည်တော်၌ရှင်းလင်း

နေပြည်တော် ဩဂုတ် ၉

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံ ရှင်းလင်းပွဲကို နေပြည်တော်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရုံးခန်းမ၌ ဩဂုတ် ၈ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဆောင်ရွက်

အခမ်းအနားမှူးအဖြစ် ဒေါ်ညိုညိုတင်(သဇင်နီနီ)က ဆောင်ရွက်ပြီး ဦးသောင်း(မောင်သောင်း၊ ညောင်ချောင်း)က သဘာပတိအဖြစ် ဆောင်ရွက်သည်။

ဖတ်ကြားရှင်းလင်း

နေပြည်တော်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ (ဗဟိုဦးစီးအဖွဲ့ဝင်)ဦးသန်းဆွေ(နေပြည်သန်းဆွေသစ်)က ဗဟိုဦးစီးအဖွဲ့အစည်းအဝေး အတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ မိန့်ခွန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ မိန့်ခွန်းများကို ဖတ်ကြား ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးအေးကြူ(ဆကာကြီးအေးကြူ)က ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ရှင်းလင်း တင်ပြကြသည်။ (၀၈၅)

မြင်းခြံမြို့နယ် လေးအိမ်တန်းကျေးရွာအုပ်စု အခြေခံပညာမူလတန်းလွန်ကျောင်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၇ရက်က အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းအောင်နှင့် မြို့နယ်ပညာရေးမှူး ဦးကောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၄၀၂)

ပျဉ်းမနားမြို့နယ် ပညာရေးမြှင့်တင်မှုလုပ်ငန်းများ တိုင်းပညာရေးမှူးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေး

ပျဉ်းမနား ဇူလိုင် ၁၈

မန္တလေးတိုင်း တိုင်းပညာရေးမှူး(စစ်ဆေးရေး) ဦးမလန်ကမ်ဖန်နှင့် လက်ထောက်တိုင်းပညာရေးမှူး(စစ်ဆေးရေး)ဒေါ်ခင်သန်းရင်၊ လက်ထောက်ကြီးကြပ်ရေးမှူးဦးခင်မောင်ဝင်း၊ ဦးဝင်းအောင်နှင့် ဦးလှမြင့်တို့သည် ပျဉ်းမနားမြို့နယ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းကျောင်းများသို့ ဇူလိုင် ၈ရက်မှ၉ရက်အထိ သွားရောက်၍ ပညာရေးမြှင့်တင်မှုလုပ်ငန်းများကြည့်ရှုစစ်ဆေးကြသည်။

အခမ်းအနားတွင် တိုင်းပညာရေးမှူး စစ်ဆေးရေးနှင့်အဖွဲ့သည် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ဆရာ ဆရာမများ တွေ့ဆုံပြီး ပညာရေးမြှင့်တင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ထို့နောက်တိုင်းပညာရေးမှူး(စစ်ဆေးရေး)နှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာကျောင်းများသို့ သွားရောက်၍ သင်ကြားရေး၊ ဖွံ့ဖြိုးရေး၊ သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးကြပြီး ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားကြကြောင်း သိရသည်။ (၀၉၉)

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် အသစ်ဖောက်လုပ်ခြင်းနှင့် ရေလဲလမ်းမကြီး ပြုပြင်ခြင်းကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ဈေးအကျိုးဆောင်အဖွဲ့ ဖွဲ့စည်းရေးစည်းဝေး

ကာမိုင်း ဇူလိုင် ၂၅

ကာမိုင်းမြို့ စည်ပင်သာယာရေး ဈေးအကျိုးဆောင်အဖွဲ့ ဖွဲ့စည်းရေးညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပရာ အစည်းအဝေးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအင်ခွမ်တူးက အမှာစကားပြောကြားပြီး ဥက္ကဋ္ဌဦးစိန်လင်းနှင့် အတွင်းရေးမှူးဦးတင်ကိုလွင်တို့ ပါဝင်သော ဈေးအကျိုးဆောင်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ကြကြောင်း သိရသည်။ (၄၁၆)

ကွန်ပျူတာပညာရပ်ဆိုင်ရာဟောပြောပွဲ ပုသိမ်၌ ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်ဖွင့်လှစ်ပေး

ပုသိမ် ဩဂုတ် ၄

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(ဧရာဝတီတိုင်း)၏ ကွန်ပျူတာပညာရပ်ဆိုင်ရာ ဟောပြောပွဲကို ဇူလိုင်၁ဝရက် မွန်းလွဲ ၁နာရီက ပုသိမ်မြို့ ရောရှေ့ဝါခန်းမတွင်ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက် အမှာစကားပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ဧရာဝတီတိုင်း ကွန်ပျူတာ ပညာရှင်အသင်းဥက္ကဋ္ဌ ပုသိမ် ကွန်ပျူတာကောလိပ် ကျောင်းအုပ်ကြီး ဒေါ်မိမိဟန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်သိန်း၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးမောင်တင်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌဦးအောင်ဇော်မြင့်တို့က ကွန်ပျူတာအသင်းများ အကြောင်းကို ရှင်းလင်းပြောကြားကြသည်။ **(က–ပ)**

ဇူလိုင် ၁၅ရက်က မကွေးမြို့နယ်မြေခံ လေတပ်စခန်းဌာနချုပ်တွင် နိုင်ငံသားအရည်အချင်းပြည့်မီသည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဦးတင့်လွင်က ဗိုလ်ကြီး အောင်ဘုန်းကျော်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က–ပ)

လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

လှည်းကူး ဩဂုတ် ၆

လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၉ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်း အသီးသီးမှ အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ဆက်ကပ်

အဆိုပါအခမ်းအနားတွင် ဆရာတော်များထံမှ ငါးပါးသီလခံယူကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းနှင့် ဒုတိယဦးစီးမှူးတို့က ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။**(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဇူလိုင်၂၇ရက်က ညောင်လေးပင်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမူကြိုကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ပြုလုပ်ရာ တာဝန်ခံဆရာမကြီး ဒေါ်ခင်ဆန်းဝေနှင့် ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဆက်ကပ်လှူဒါန်းကြစဉ်။ (၁၃၄)

(၇၁)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၀

ညောင်လေးပင်မြို့ ကေသွယ်အောင်(ထမင်းဆိုင်)မှ ဒေါ်အေးအေးမြင့် (လူမှုထူးချွန်တတိယဆင့်)သည် ဇူလိုင် ၂၃ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးလှူဘဏ်တွင် (၇၁)ကြိမ်မြောက် သွေးလှူဒါန်းကြောင်းသိရသည်။**(အပေါ်ပုံ)(က–ပ)**

ရေနုတ်မြောင်း စုပေါင်းတူးဖော်

ဟိုပင် ဇူလိုင် ၂၅

ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ပြည်သူများ ဇူလိုင် ၈ရက်က မြဖေယျာရပ်ကွက် အောင်မင်္ဂလာလမ်းတစ်လျှောက် ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် စွန့်ပစ်အမှိုက်များ ဆယ်ယူခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ကြသည်။

ကူညီပံ့ပိုး

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသာမြင့်နှင့် တာဝန်ရှိသူများက ကူညီပံ့ပိုး ဆောင်ရွက်ပေးကြသည်။

(မြို့နယ်စည်ပင်)

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကျော်သူနှင့်ဝန်ထမ်းများ ဗိုလ်ချုပ်လမ်းမ လမ်းဘေးဝဲယာတစ်လျှောက်တွင် ဇူလိုင် ၃၀ရက်က ဗိုလ်ကတော်ပင်များ စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

တောင်ငူမြို့မ ဈေးကြီးအတွင်းအပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

တောင်ငူ ဇူလိုင် ၂၀

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်းအပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် ရေမြောင်းများရေစီးရေလာ ကောင်းမွန်ရေးတို့အတွက် ဇူလိုင် ၉ ရက်က အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုနိုင်၊ အင်ဂျင်နီယာမှူး ဦးဌေးညွန့်နှင့် ဝန်ထမ်းများ၊ ဈေးမိဈေးဖများ၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့များ စုစုပေါင်း အင်အား ၁၅၀ တို့ဖြင့် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

လက်ပံတန်းမြို့နယ် လုလင်ကျော်ကျေးရွာတွင် ဇူလိုင် ၉ ရက်က စာပန်းချီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်စန်းစန်းရီနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအုံးထွန်းတို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော လှိုင်မြို့နယ်၊ လှိုင်ရတနာအိမ်ရာရှိတိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ ရရှိထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအားဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	မူလပိုင်ရှင်အမည် မှတ်ပုံတင်အမှတ်	အမည်ပြောင်း လျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်း လျှောက်ထားသည့် တိုက်နှင့်အခန်း
	ဒေါ်မြမြ အိုင်အက်စ်အင်န်–၀၇၄၅၃၆	ဒေါ်သီတာအေး ၁၂/အစန(နိုင်) ၀၇၅၈၀၅	တိုက်–၆၊အခန်း–၁၉ လှိုင်ရတနာအိမ်ရာ

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ဦးမျိုးအောင်နှင့် အများသိစေရန်

၈–၇–၂၀၀၄ ရက် မြန်မာ့အလင်းသတင်းစာပါ ဦးမျိုးအောင် ၁၂/သဃက(နိုင်) ၀၇၆၀၆၅၏ကြေညာချက်မှာ အခြေအမြစ်မရှိသော ကြေညာ ချက်များသာ ဖြစ်ပါသည်။ ယင်းကြေညာချက်များပါ ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများအတွက် နောက်နောင် မမှန်မကန်ကြေညာပါက ဥပဒေအရ အရေးယူရမည်ဖြစ်ကြောင်း ကြိုတင်သတိပေးပါသည်။

ဒေါ်ပြုံးပြုံး၏ ညွှန်ကြားချက်အရ–

ဦးမျိုးဝင်းတင်
တရားရုံးချုပ်ရှေ့နေ (စဉ်–၁၉၆၂/၈၀)
၅၀–ဘဏ်လမ်း (ပ)ထပ်၊ ရန်ကုန်မြို့။
ဖုန်း–၇၀၁၄၃၉။

ကြော်ငြာစာ
အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃
ရန်ကုန်တိုင်းတရားမရုံးတော်၌
၂၀၀၄ ခုနှစ် တရားမအထွေထွေမှုအမှတ်–၁၃၉

ကွယ်လွန်သူ ဦးအုန်းမောင်၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့် အမှု။

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ကျောင်းကြီးလမ်း၊ အမှတ် ၂၄ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအုန်းမောင်၏ ကျန်ရှိရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်း လက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးသိန်းတင့်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက် ရှိသဖြင့် ဤအမှုကို ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၇ ရက် (၁၃၆၆ ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက်) နေ့တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအုန်းမောင်၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၇ ရက် (၁၃၆၆ ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ရင်ဆိုင်ရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ–၂၈၃ နှင့်အညီ ယခုမိန့်ကြား ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခု မရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဦးသိန်းတင့်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်ကြောင်း။

၂၀၀၄ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းဆွေ
တွဲဖက်တိုင်းတရားသူကြီး(၁၀)
ရန်ကုန်တိုင်းတရားရုံး။

အသိပေးကြေညာခြင်း

နာယကကြီး ဦးသုခ၏ဦးဆောင်မှုဖြင့် ဥက္ကဋ္ဌ ဦးအေးသန့်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ ဦးဆောင်၍ အမှုဆောင် ၂၆ဦးဖြင့် ရန်ကုန်မြို့ နာရေးကူညီမှုအသင်း(ရန်ကုန်)ကို ဖွဲ့စည်းတည်ထောင်ပြီး မှတ်ပုံတင်အမှတ်–၁၈၇၉ဖြင့် တရားဝင်မှတ်ပုံတင် ရရှိပြီးသော အသင်းအဖွဲ့ ဖြစ်ပါသည်။ ယခုလက်ရှိ အသင်း၏တည်နေရာမှာ ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်၊ သုဒဿနလမ်း၊ ၁၆/၂ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဖုန်း–၅၇၈၁၈၄၊ ၅၆၀၃၃၃နှင့် လုပ်ငန်းအဆင်ပြေချောမွေ့စေရန် ရုံးခွဲတစ်ခုအနေဖြင့် ရေဝေးသုသာန် ဖုန်း– ၇၀၉၂၇၇၊၆၃၉၄၉၀တွင် တည်ရှိပါသည်။ နာရေးကိစ္စဖြစ်ပေါ်၍ အကူအညီတောင်းခံလာပါက လူမျိုးမရွေး၊ ဘာသာမရွေး ဆင်းရဲချမ်းသာမရွေး **“အခမဲ့”**ကူညီပေးလျက်ရှိပါသည်။ (မည်သည့်ခေါင်းစဉ်ဖြင့်၊ မည်သူ့ကိုမျှ ငွေကြေးတစ်စုံတစ်ရာပေးရန်မလိုပါ) ထို့ပြင် နာရေးကူညီမှုအသင်း(ရန်ကုန်) အနေဖြင့် မည်သည့်မြို့နယ်၊ မည်သည့်ရပ်ကွက်တို့မှ မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ အသံချဲ့စက်ဖြင့် လည်းကောင်း အလှူငွေ လှည့်လည်ကောက်ခံခြင်းမရှိပါ။ အလှူရှင်တစ်ဦးချင်းအနေဖြင့် မိမိတို့ထံလာရောက်၍ အလှူငွေ လက်ခံစေလိုကြောင်း၊ ဆက်သွယ်အကြောင်းကြားလာမှသာလျှင် အလှူရှင်ထံသို့ တိုက်ရိုက်အလှူခံပေးပါကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

လှူဒါန်းလိုပါက ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်၊ သုဒဿနလမ်း၊ ၁၆/၂ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဖုန်း– ၅၇၈၁၈၄၊ ၅၆၀၃၃၃၊ ၇၀၉၂၇၇၊ ၆၃၉၄၃၀နှင့် ဥက္ကဋ္ဌ ဦးအေးသန့် Sharp Prime- Boss Co.,Ltd.အမှတ်–၁၂၇/၁၃၁၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၂၅၃၅၀၉၊ ၂၅၃၉၄၃၊ ၂၅၄၃၄၇၊ ၂၄၆၉၄၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
နာရေးကူညီမှုအသင်း(ရန်ကုန်)
မှတ်ပုံတင်အမှတ်–၁၈၇၉။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပ/၂၅၇၂၊ ပ/၂၉၆၃ နှင့် ၂က/၄၄၆၄ မော်တော်ယာဉ်၊ လက်ဝယ်ရှိသူက မှတ်ပုံတင် စာအုပ် (ကမ–၃) မိတ္တူ လျှောက်ထားလာ ပါသဖြင့် ကန့်ကွက်လိုသူများ (၁၅)ရက် အတွင်း ကညန၊ ပြည်နယ်ရုံး (လားရှိုး)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ပြည်နယ်ရုံး(လားရှိုး)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၆၃၈၉ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်စာအုပ်မှတ်ပုံတင်စာအုပ်(ကမ–၃) မိတ္တူ လျှောက်ထားပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ ပြည်နယ်ရုံး(အင်းစိန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ပြည်နယ်ရုံး(အင်းစိန်)။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မောင်ဆန်းလွင်ဦး ၈/တတက (နိုင်) ၀၈၉၀၅၅ သည် မိဘစကားနားမထောင်ပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိခင် ဒေါ်ခင်ရွှေ
၈/တတက(နိုင်)၀၉၆၁၃၇။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် နံ့သာမြိုင်(၁)လမ်း၊ အမှတ် (၄)နေ (ဗိုလ်မှူးကြီးစိုးသိန်း)-ဒေါ်သန်းချစ်တို့၏ သားငယ်

ဗိုလ်ဇေယျာစိုး B.Sc (D.S.A), M.Sc (Maths)Final Part-I နှင့်

ပြင်ဦးလွင်မြို့၊ အမှတ် ၁၄၂၊ ကွက်ပြင်(၅)နေ ဦးရွှေ-ဒေါ်တင်ညို တို့၏မြေး (ဦးကျော်သိန်း)-ဒေါ်ဝင်းဝင်းမြင့် တို့၏သမီး

မပြည့်စုံဝင်း (1st Year, Psychology)

တို့သည် ၃၁-၇-၂၀၀၄ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ဇေယျာစိုး-မပြည့်စုံဝင်း။

ကြော်ငြာစာ

တရားမကျင့်ထုံး ဥပဒေအမိန့်-၁၊ နည်းဥပဒေ-၈ အရ
တောင်ငူမြို့ မြို့နယ်တရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၂

အိန်ချွမ်းဗုဒ္ဓဘာသာဘုရားကျောင်း	**နှင့်**	ဦးတန်ခိုင်
၁၆/၁၂၉၊ ဈေးလမ်း၊ တောင်ငူမြို့		အမှတ် ၁၆/၁၂၉၊ ဈေးလမ်း၊ (၁၆)ရပ်ကွက်၊ တောင်ငူမြို့။
၁။ ဦးကျင်စိန် ဒု ဥက္ကဋ္ဌ		
၂။ ဦးတန်အိကောင် အဖွဲ့ဝင်		
၃။ ဦးစိန်မောင် အဖွဲ့ဝင်		
တရားလိုများ		**တရားပြိုင်**

တောင်ငူမြို့၊ ၁၆/၁၂၉ ရှိ အိန်ချွမ်းဗုဒ္ဓဘာသာဘုရားကျောင်း အသင်းသားများ သိစေရန် ကြေညာပါသည်။

၁။ တောင်ငူမြို့၊ အမှတ် ၁၆/၁၂၉၊ ဈေးလမ်း၊ (၁၆)ရပ်ကွက်၊ အရှေ့ဘက်လားသော် မစန္ဒာဝင်း၊ မောင်ညွှန့်ဝင်း၊ အနောက်ဘက်လားသော် ဦးမောင်ကို-မခင်ဝင်း၊ တောင်ဘက်လားသော် ဈေးလမ်း၊ မြောက်ဘက်လားသော် မစန္ဒာဝင်း၊ မောင်ညွှန့်ဝင်း၊ အလားလေးရပ်အတွင်းရှိ အိန်ချွမ်းဗုဒ္ဓဘာသာဘုရားကျောင်း အောက်ထပ်လက်ယာဘက် (အနောက်ဘက်) အစွန်ဆုံး အခန်းကို တရားပြိုင် ဦးတန်ခိုင်အား ငှားရမ်းခဲ့ပြီး အိမ်ငှားများအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)၊ ဒုတိယပုဒ်နှင့် ၁၂(၁)(ဂ)အရ တရားစွဲဆိုခဲ့သည်ဖြစ်၍ အိန်ချွမ်းဗုဒ္ဓဘာသာဘုရားကျောင်း အသင်းသားများအနေဖြင့် ကန့်ကွက်ပြောဆိုလိုသူများရှိပါက ဤရုံးတော်သို့ (၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၇ ရက်) နေ့တွင် လာရောက်ကန့်ကွက်ပြောဆိုနိုင်ကြောင်း တရားမကျင့်ထုံး ဥပဒေအမိန့်-၁၊ နည်းဥပဒေ-၁ နှင့် ၈ တို့အရ ကြော်ငြာလိုက်သည်။

၂။ ဤကြော်ငြာသတ်မှတ်သည့်နေ့ရက် နောက်ပိုင်းတွင် လာရောက်၍ ပြောဆိုကန့်ကွက်လာပါက ရုံးတော်အနေဖြင့် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးစိုး(တ-၁၇၅၃)
မြို့နယ်တရားသူကြီး၊ တောင်ငူမြို့။

ဦးထွန်းလှနှင့်ပတ်သက်၍တရားရုံးချုပ်ရှေ့နေဒေါ်ဥမ္မာသျှား၏ အများသိစေရန် ကြေညာချက်ကိုပြန်လည်ရှင်းလင်းခြင်း

ကျွန်ုပ်တို့၏အမှုသည် ဒေါ်သီဂီဇင် (၁၃/လလန(နိုင်) ၀၂၁၄၁၄) အမှတ်-၁၉-က လေဆိပ်ရိပ်သာလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေသူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းပြန်လည်ရှင်းလင်းအသိပေးအပ်ပါသည်။

(၁-၈-၂၀၀၄) နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေါ်သီဂီဇင်နှင့်အများ သိစေရန် ကြေညာချက်ပါ အကြောင်းအရာများသည် မှန်ကန်မှုမရှိပါ။ ဦးထွန်းလှသည် မြေကွက်အမှတ် ၁၀၆(ဖ) ဦးပိုင်အမှတ် ၃၉၅၊ အလျား ပေ၁၀၀ X အနံ ပေ၁၀၀ ဧရိယာ (၀ ဒသမ ၂၅ဧက)၊ ဘိုးဘွားပိုင်မြေတစ်ကွက်လုံးကို မည်သည့်အခါကမျှ အမည်ပေါက် မပိုင်ဆိုင်ခဲ့ပါ။ ဒေါ်သီဂီဇင်၏ မိခင်ဒေါ်သန်းနှစ်ကသာ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ဒေါ်သန်းနှစ်ကွယ်လွန်ပြီးသောအခါမှ ဦးထွန်းလှက ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ပြီး အမည်မပြောင်းဘဲ ပေ ၁၀၀ X ပေ ၅၀ ရှိ မြေထက်ဝက်ကို ဒေါ်သီဂီဇင်အား အပိုင်ပေးစာချုပ်ဖြင့် ပေးကမ်းခဲ့ပါသည်။ အပိုင်ပေးကမ်းစာချုပ်ပေါ်တွင် ကျွန်ုပ်တို့အမှုသည်နှင့်ပတ်သက်၍ မည်သည့်စည်းကမ်းချက်မှမရှိခဲ့ပါ။ ကျွန်ုပ်တို့၏ အမှုသည်က ထိုမြေကွက်ကြီးကို ခွဲစိတ်လိုက်ရာ ဦးပိုင်အသစ် ၁၀၆ (ဖ)၂ ဖြစ်လာပြီး မိမိ၏အမည်ပေါက်ပြီးနောက် နှစ်ထပ်တိုက်သစ် ဆောက်လုပ်ခဲ့ပါသည်။

အဆိုပါမြေကွက်ကြီးကို မူလက ကျွန်ုပ်တို့၏ အမှုသည်ဒေါ်သီဂီဇင်၏ ငွေကြေးဖြင့် မိခင်ဒေါ်သန်းနှစ်အမည်ခံ၍ ဝယ်ယူခဲ့ပြီးမိခင်၏မိသားစုကို မြေပေါ်တွင် နေထိုင်စေခဲ့ပါသည်။ ဒေါ်သန်းနှစ်ကွယ်လွန်ပြီးနောက် ဦးထွန်းလှက ကျွန်ုပ်တို့အမှုသည်အား ပေးကမ်းပြီးသည့် မြေပေါ်တွင်သာ နေထိုင်လိုသည်ဟုဆိုသဖြင့် ခြံရှေ့ထိပ်ဖက်တွင် နံကပ်(၂) ထပ်တိုက်အသစ်တစ်လုံးဆောက်လုပ်ပေးကာ မေတ္တာဖြင့် ကောင်းမွန်စွာနေထိုင်ခွင့်ပြုပြီး ဦးထွန်းလှအား ဖခင်ရင်းသဖွယ်အမြဲတစေ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ပါသည်။

ဦးထွန်းလှက ကျွန်ုပ်တို့၏ အမှုသည်အား အိမ်ဆောက်ရာတွင် သမီးအရင်းသဖွယ် ကူညီစောင့်ရှောက်ခဲ့သော်လည်း နှစ်ထပ်တိုက်သစ်ကြီးဆောက်လုပ်ပြီးစီးသည့်အချိန်တွင်မှ စိတ်ပြောင်းကာ ယခုကဲ့သို့ပေးကမ်းခြင်းစာချုပ်ကို ပယ်ဖျက်ရန်ကြံစည်ခြင်း၊ ကျွန်ုပ်တို့၏အမှုသည်အား ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန်နှင့် အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် သတင်းစာတွင် မဟုတ်မမှန် ကြေညာခြင်းတို့ကို ယနေ့မှစ၍ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူမည်ဖြစ်ကြောင်း ပြန်လည်ဖြေရှင်းအသိပေးအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးမောင်မောင်(ဘဏ်) (B.A,RL) ဒေါ်ခင်နှင်းရည် (B.A,RL)
တရားရုံးချုပ်ရှေ့နေများ
အိမ်-တိုက်(၂)၊အခန်း(၁၇)၊ နှင်းဆီလမ်း၊ ယုဇနကွန်ဒို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ရုံး-အမှတ် ၁၉/၄၃၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၂၇၀၄၊(အိမ်) ၂၅၂၀၁၄၊၃၇၃၀၇၄(ရုံး)။

ဂါထာသုခ

ဖြန့်ချိရေး-သစ္စာမဏ္ဍိုင်စာပေ

၀၉-၈၀-၂၁၆၈၀၊ ၃၈၃၇၅၂

ဓမ္မဗိမာန်-၂၁၁၃၅၉။

အမည်ပြောင်း

ပဲခူးမြို့ ချင်းစု-ဇီးတောရွာနေ ဦးစောခွားဟဲ၏သမီး အထက (၂) ပဲခူးအဋ္ဌမတန်း(B)မှ မသင်းသင်းဦးအား ယနေ့မှစ၍ မမာလာသင်းဟု ပြောင်းလဲခေါ်ပါရန်။ **မမာလာသင်း။**

အမည်ပြောင်း

အထက (၆) မော်လမြိုင် ဦးသိန်းထွန်းဦး၏သား ဒသမတန်း (F) မှ မောင်မျိုးပိုင်ထွန်းအား မောင်မျိုးပိုင်ဟိန်းဟုပြောင်းလဲခေါ်ပါရန်။ **မောင်မျိုးပိုင်ဟိန်း**

ဖခင်အမည်မှန်

ထားဝယ်မြို့ အထက (၁) ဒသမတန်း(E)မှမောင်ကျော်သူဟိန်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းမြင့် ၆/ထဝန(နိုင်) ၀၁၃၇၈၆ ဖြစ်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ထွန်းလင်း ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်-၄၇၇၆၉၉ သည်လမ်းသွားရင်း ၃၀-၇-၂၀၀၄ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကဆက်သွယ်ရန်။

ဖုန်း-၅၄၈၉၀၈။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်နေမင်းထွန်း C.D.C-45411၏ 4 Ticket, E.D.Hနှင့် PSC & RB လက်မှတ်များပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါ။

ဖုန်း-၅၄၇၄၀၂။

မိဘမေတ္တာ ထမင်းချိုင့်ပို့ဆောင်ရေး

အိမ်ထမင်းအိမ်ဟင်းစားရသလိုပဲနော် စားကြည့်လိုက် စွဲသွားစေမယ့် **မိဘမေတ္တာ**ထမင်းချိုင့်ပို့ဆောင်ရေး အိမ်အရောက်စိတ်တိုင်းကျပို့ဆောင်ပေးမယ် ရုံးဝန်ထမ်းများအတွက် အဆင်ပြေစေရန်စီစဉ်ပေးမည်။

ဖုန်း- ၅၄၆၈၄၀၊ ၇၂၄၃၄၀

ကားစီးလုံးငှားသည်

Zaw Win & Associates
Z&A Car Renter

ကားပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၅၄၀၅၄၅၊၀၉-၀၈-၂၀၀၉၁

ကားရောင်းမည်

Sprinter 85 Model
1.5 SE, ၈/----

ဖုန်း-၅၄၈၄၄၀

ရန်ကုန်-တောင်ကြီးအသင်းနာယက

ဝဏ္ဏကျော်ထင်ဦးထွန်းလွင်

အသက်(၇၅)နှစ်

ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ မိုးစန္ဒာလမ်း၊ အမှတ် ၄၁(C)နေ ဒေါက်တာဒေါ်ညွန့်ညွန့်အေး၏ ခင်ပွန်းသည် ၇-၈-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၀၄ရက် ညနေ ၄း၃၀နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများ သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ခရစ်တော်၌အိပ်ပျော်ခြင်း

နော်ဂျူအဲနာဘီထူး(ခ) နော်ဂျူး

(ရှစ်မိုင်-မရမ်းကုန်း)လှိုင်သာယာ
အသက်(၄၆)နှစ်

ဒဂုံမြို့သစ် (တောင်ပိုင်း) နေ နော်အယ်ဝါးဖော(အမေရိကန်ဗ္ဗီးရှင်း)၊ နော်နွယ်သဇင်၊ စောဇော်မျိုးသက်၊ စောအောင်ဇော်ထွေး၊ နော်လားခိဘီထူး၊ နော်လားဆိဘီထူး (အထက-၂၊ လှိုင်သာယာ)၊နော်သက်သက်ဇင် (အထက-၂၊ လှိုင်သာယာ)၊ စောသက်ဇင်မောင် (အမက-၂၅၊ လှိုင်သာယာ)၊ နော်လဲဘွဲ့ထူး(အထက၊ ထန်းတပင်)၊ နော်ဘွဲ့လူကိုး (ခ)နိုက်တင်ဂေး၊ နော်ဘွဲ့လူကပါ(ခ) နော်ဩဂုတ်ထူးတို့၏ အဒေါ်ကြီးကြီးသည် ၇-၈-၂၀၀၄ ရက် (စနေနေ့) နံနက် ၇း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၈-၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ထိန်ပင်ခရစ်ယာန် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူ တူ၊တူမတစ်စု။

ဝမ်းနည်းကြေကွဲခြင်း

ဝဏ္ဏကျော်ထင် ဦးထွန်းလွင်

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန
အသက်(၇၅)နှစ်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဦးထွန်းလွင်သည် ၇-၈-၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝန်ထမ်းမိသားစု၊ ဝန်ထမ်းရေးရာဦးစီးဌာန။

ဝမ်းနည်းကြေကွဲခြင်း

ဦးချိုကြီး

ဦးစီးအရာရှိ၊ အကောက်ခွန်ဦးစီးဌာန
အသက်(၄၇)နှစ်

ဒေါ်ချစ်ချစ်သန်း (ပြည်တွင်းအခွန်)၏ ချစ်လှစွာသော ခင်ပွန်း ဦးချိုကြီးသည် ၃၁-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူအန်တီချစ်ချစ်သန်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါကြောင်း။

အချစ်ဆုံး တူ၊တူမများ။

ဒေါ်ယဉ်ယဉ်လှ
အသက်(၇၂)နှစ်

(ဦးစံထွန်း-ဒေါ်ရွှေ)တို့၏သမီး၊ (ဦးအကတ်-ဒေါ်ခင်ဖွား)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ် ၈၀(J)၊ ကမ္ဘောဇလမ်း၊ လမ်းသွယ် ၂ နေ ဗိုလ်မှူးချုပ်စိန်ရ(ငြိမ်း)၏ဇနီး၊ ဦးဇော်လင်း-ဒေါ်ချိုချိုမြင့်၊ ဗိုလ်မှူးကြီးကြည်ဝင်း-ဒေါ်အေးအေးသန့်၊ ဦးမျိုးသန့်-ဒေါ်မြတ်မြတ်လင်းတို့၏မိခင်၊ မနှင်းအိဝင်း၊ မယဉ်မင်းဖြိုးတို့၏ဘွားဘွားသည် ၉-၈-၂၀၀၄ရက် မွန်းလွဲ ၂း၅၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒနှင့်အညီ ယင်းနေ့ညနေ ၆နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ဗဟန်းမြို့နယ်နေအိမ်သို့ ၁၅-၈-၂၀၀၄ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးချစ်ဆွေ [လက်ထောက်ညွှန်ကြားရေးမှူး၊အကောက်ခွန်ဦးစီးဌာန၊နစခ(၃)ကော့သောင်း]-ဒေါ်တင်တင်ဝင်းတို့၏သား မောင်တင်မောင်ဆွေ အသက်(၃၃)နှစ် [CDC No .51323, O/S-(MT.Setia Jaya), Samta Ship-management Pte., Ltd.(Singapore) B.A(History), Japanese (UFL)] သည် ၂၃-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ကိုအင်ဘီး-မစန်းစန်းအေး၊ ကော့သောင်းမြို့။**

ဝမ်းနည်းကြေကွဲခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊မိုင်းလုံမြို့နေ ဒေါ်ခင်လှ၏ခင်ပွန်း၊ ပြင်ဦးလွင်မြို့ ဦးမိုးအောင်-နန်းခင်နှင်းသီတို့၏ဖခင် ဦးတင်မောင်သွင်သည် ၈-၈-၂၀၀၄ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်ကြီးသိန်းဝင်း-ဒေါ်ယဉ်ယဉ်အောင်(အီသော)
သား-ကျော်စံဝင်းပြည့်၊ ဝင်းမြတ်သူ ရန်ကုန်မြို့။

ဒေါ်ကြည်ကြည်ဝင်းရွှေ
သူနာပြုဆရာမကြီး(ငြိမ်း) (ကလေးဆေးရုံကြီး)
အသက်(၆၁)နှစ်

မြန်မာနိုင်ငံသူနာပြုအသင်း အေးရိပ်ငြိမ်မှ ဒေါ်ကြည်ကြည်ဝင်းရွှေ(သူနာပြုဆရာမကြီး၊ ငြိမ်း)သည် ၇-၈-၂၀၀၄ ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၀၄ရက်တွင် ထားဝယ်ချောင်သုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

မြန်မာနိုင်ငံသူနာပြုအသင်း။

ဒေါ်အေးကြည် (မြန်အောင်)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၅ (တတိယထပ်)၊ ဗဟိုရ်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ (ဦးဘသွင်-ဒေါ်ရီ)တို့၏သမီး၊ (ဦးကိုကိုကြီး-ဒေါ်ခင်စု)တို့၏ညီမ၊(ဦးအေးမင်း)၊ဒေါ်စန်းရီတို့၏အဒေါ်၊ (ဦးလှ)၏ဇနီး၊ ဒေါ်ခင်မာရီ (အမက-၁၃၊ တာမွေ)-ဦးကျော်ဇေယျ (ရပ်ရှင်လုပ်ငန်း၊ငြိမ်း)တို့၏မိခင်၊ မောင်သူရကျော်(ဒုနှစ်၊ ဓာတု)၊ မဆုရည်နွယ် (VIII-B၊ ထ-၄၊ တာမွေ)တို့၏အဘွားသည် ၁၀-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၈-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများကို နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးမြင့်စိုး (ကျုံမငေး)
စိုး-ကွန်ပျူတာစာစီနှင့်စာကူးစက်
အသက်(၅၃)နှစ်

ကျုံမငေးမြို့၊ မြမာလာ ၁ လမ်းနေ (ဦးမှုံရှီး-ဒေါ်အမိနန်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ဓမ္မာရုံလမ်း၊ အမှတ် ၄၂ နေ ဦးလှရွှေ-ဒေါ်ခင်မေ (အောင်ရွှေထွန်းတာယာဆိုင်)တို့၏သားသမက်၊ဒိုရှန်ဘီ(ခ)ဒေါ်အေးခင်၏ခင်ပွန်း၊ ကိုတင်စိန်-မကြည်ကြည်ဝင်း၊မအေးသန္တာစိုး၊မောင်အောင်အောင်စိုး-မစန္ဒာဝင်း၊ မောင်အောင်ဇော်မင်း၊ မောင်သန့်ဇင်တို့၏ဖခင်၊ မောင်ဇော်လွင်ထွန်း၊ မောင်ဇာနည်ကျော်တို့၏အဘိုးသည် ၈-၈-၂၀၀၄ရက် ည ၈း၄၅နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၉-၈-၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးအစ္စလာမ်ဥယျာဉ်တော်တွင် ဒါဖနာပြီးစီးပြီဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ညောင်ဦးမြို့၊ အမှတ်(၅)နယ်မြေ၊ စည်ပင်သာယာရပ်နေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၉/ညဥန(နိုင်)၁၁၄၅၈၆ ကိုင်ဆောင်သူ မခိုင်ခိုင်စိုးသည် မိဘဆိုဆုံးမမှုကို နားမထောင်ဘဲ မိမိဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ကြော်ငြာသည့်နေ့မှစ၍ သမီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မိဘ၊ညီအစ်ကိုမောင်နှမများ။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဆ/၁၉ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ခရိုင်ရုံး(မိတ္ထီလာ)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(မိတ္ထီလာ)။

ဦးအေးသိန်း (ကြို့ပင်ကောက်)
အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ [ဦးလှမောင် (အငြိမ်းစား စက်ရှင်တရားသူကြီး)-ဒေါ်လေးမေ]တို့၏သား၊ (ဦးမောင်မောင်-ဒေါ်ဆုံ)တို့၏သားသမက်၊ အမှတ် ၅၇၊ မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ခင်ရီ ၏ခင်ပွန်း၊ ဦးသန်းမြင့်-ဒေါ်လွင်လွင်သိန်း၊ ဦးလှမော်-ဒေါ်နီလာလှ၊ ဦးသိန်းအောင်-ဒေါ်တင်တင်အေး၊ (ဒေါ်ခင်လတ်)၊ ဦးသန်းထွန်းတို့၏ ညီ/အစ်ကို၊တူတူမ ၁၃ယောက်တို့၏ဘကြီး၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၈-၈-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၇း၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကု ဆေးခန်း၌ကွယ်လွန်ပါ၍ ၁၀-၈-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည်ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေ နှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်းသိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း - ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး - ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ
ထိန်းသိမ်းရေးကော်မတီ - ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ကျေးဇူးတင်ရှိခြင်း
ဝဏ္ဏကျော်ထင် ဦးထွန်းလွင်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
အသက်(၇၅)နှစ်

၇-၈-၂၀၀၄ရက်(စနေနေ့)တွင်ကွယ်လွန်ခဲ့သည့် ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး ဦးထွန်းလွင် မကွယ်လွန်မီက ဂရုတစိုက်စောင့်ရှောက်ကုသပေးခဲ့သော သုခကမ္ဘာအထူးကုဆေးခန်းမှ အထူးကုဆရာဝန်ကြီးနှင့် ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ ဖခင်ကြီး၏ ဈာပနအား လိုက်ပါပို့ဆောင်၍ အားပေးနှစ်သိမ့်ခဲ့သော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ တောင်ကြီးအသင်းမှ အသင်းသူ အသင်းသားများအားလည်းကောင်း၊ ဖခင်ကြီး၏ ဝန်ထမ်းသက်တမ်းတစ်လျှောက် လက်တွဲလုပ်ကိုင်ခဲ့ကြသော လုပ်ဖော်ကိုင်ဖက်များအားလည်းကောင်း၊ ဈာပနအားလိုက်ပါပို့ဆောင်ခဲ့ကြသော ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့သူများနှင့်တယ်လီဖုန်း၊ ကြေးနန်းတို့ဖြင့် နှစ်သိမ့်အားပေး ကူညီခဲ့ကြသော ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၂၇-၇-၂၀၀၄ရက်တွင်ကွယ်လွန်ခဲ့သော ကျေးဇူးရှင်ဖခင်ကြီး ဦးသာညွန့် နာမကျန်းဖြစ်စဉ်နှင့် ဈာပနကိစ္စပြီးဆုံးသည့်တိုင် စေတနာမေတ္တာဖြင့် ကူညီဆောင်ရွက်ပေးခဲ့သော မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဂရုတစိုက်ဆေးကုသပေးခဲ့သော အနောက်ပိုင်းဆေးရုံကြီး ဆေးကုသဆောင်တာဝန်ခံ ဆရာဝန်သမားတော်ကြီးနှင့်ဆရာဝန်၊ ဆရာမများ၊ ဈာပနသို့လိုက်လံပို့ဆောင်ကြသော ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အောက်မြန်မာပြည်)၊ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပညာရေးဌာနမှ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေသင်္ဂဟများ၊ လက်ပံတန်းမြို့နယ်အသင်းနှင့် လက်ပံတန်းမြို့နယ်မှ တပည့်ကျောင်းသားဟောင်းများ၊ ပြည်တွင်းပြည်ပမှ တယ်လီဖုန်း၊ ကြေးနန်းတို့ဖြင့် ဝမ်းနည်းကြေကွဲကြောင်း သတင်းမေးမြန်းကြသူများ၊ အစစအရာရာ လိုလေသေးမရှိအောင် ကူညီဆောင်ရွက်ပေးခဲ့သော တပည့်မအား ကျေးဇူးတင်ရှိပါကြောင်း။ ဖခင်ကြီးကောင်းရာသုဂတိလားပါစေ။

ကျန်ရစ်သူမိသားစု။

ဦးအေးသိန်း (ကြို့ပင်ကောက်)
အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ [ဦးလှမောင် (အငြိမ်းစား စက်ရှင်တရားသူကြီး)-ဒေါ်လေးမေ]တို့၏သား၊ (ဦးမောင်မောင်-ဒေါ်ဆုံ)တို့၏သားသမက်၊ အမှတ် ၅၇၊ မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ခင်ရီ၏ခင်ပွန်း၊ ဒေါက်တာဦးခင်မောင်ကြီး (ပါမောက္ခ၊ ငြိမ်း)-(ဒေါ်ခင်မွှေး)၊ ဦးခင်မောင်ညွန့်(စာရင်းကိုင်ချုပ်၊ငြိမ်း)-(ဒေါက်တာဒေါ်မြစိန်)၊ (ဗိုလ်ကြီးမင်းဒင်)- ဒေါ်ခင်ခင်ကြီး (မန်နေဂျာ၊ ကပရ၊ငြိမ်း)၊ ဒေါ်ခင်ခင်ထား (တရားရုံးချုပ်ရှေ့နေ)တို့၏ ညီ/မောင်၊ (ဒေါ်ခင်အေးမြင့်)၊ ဦးတင်သိန်း-ဒေါ်ခင်လေးရီ၊ ဒေါ်နွဲ့နွဲ့ခိုင် (အထပြ၊ငြိမ်း)၊ (ဒေါ်ခင်လေးမြင့်)၊ (ဦးခင်မောင်ထွေး)တို့၏အစ်ကို၊ တူတူမ၁၃ယောက်တို့၏ဘကြီးသည် ၈-၈-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၇း၄၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးသိန်းသန်းထွန်း
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်)စံပြရပ်ကွက်၊ မင်္ဂလာသိဒ္ဓိလမ်း၊ အမှတ် ၄၄ နေ (ဗိုလ်မှူးလှဖေ-ဒေါ်မြကြွယ်)တို့၏သား၊ (ဦးကိုကိုကြီး)-ဒေါ်သိန်းညွန့်တို့၏သားသမက်၊ ဒေါ်ဥမ္မာ (အလပြ၊အမက-၂၆၊တာမွေ)၏ခင်ပွန်း၊ မောင်သူရထွန်း (Digital Wave)၊ မအိန္ဒြေလွင် (အဋ္ဌမတန်း-F၊ အထက-၂၊ ဗဟန်း)တို့၏ဖခင်သည် ၉-၈-၂၀၀၄ ရက်(တနင်္လာနေ့) မွန်းလွဲ ၂း၂၀ နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီးဦးနှောက်နှင့်အာရုံကြောခွဲစိတ်ဌာန၌ ကွယ်လွန်သွားပါ၍ ၁၁-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသန်းနိုင် (မော်လမြိုင်)
အသက်(၄၈)နှစ်

မော်လမြိုင်မြို့နေ (ဦးချစ်လှိုင်-ဒေါ်လှကြည်)တို့၏သား၊ အမှတ် ၃၊ အရှေ့မြို့ပတ်လမ်း၊ဆရာစံတောင်ပိုင်းရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးသိန်း-ဒေါ်တင်ရီ)တို့၏သားသမက်၊ကိုတင့်လွင်၊ကိုအောင်သိန်း-မနီနီလှိုင်၊ကိုဝင်းနိုင်-မဖြူဖြူဝင်း၊ ကိုဝင်းထွဋ်တို့၏အစ်ကိုကြီး၊ ဒေါ်မိမိသန်း၏ခင်ပွန်း၊ မောင်ဝင်းသူ-မမြင့်မြတ်သူ၊ မောင်ကောင်းမြတ်သူတို့၏ဖခင်သည် ၉-၈-၂၀၀၄ရက် (တနင်္လာနေ့)ည ၈ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ကျုတ်ရီ
ကျောင်းဆရာမကြီး(ငြိမ်း)
ဖလမ်းရာသက်ပန်အသင်းဝင်
အသက်(၈၃)နှစ်

ဖလမ်းမြို့နေ (ဦးအဝေါင်-ဒေါ်မှဲ့တီလ်)တို့၏သမီး၊ (ဦးထွန်းအောင်)၏ဇနီး၊ အမှတ် ၁၀၄၀/၁၁၊ (ည)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမ၊ ရွှေပြည်သာမြို့နေ ဒေါက်တာစန်းမိန်-ဒေါ်နန်းမူတို့၏မိခင်၊ (ဒေါ်ဆောင်းဖုန်း)၊ (ဒေါ်ရွှေရီ)တို့၏ညီမ၊ (ဦးရင်စိန်)၊ (ဒေါ်ခွန်ရိန်)၊ (ဒေါ်ငွန်နွဲ့)၊ (ဦးရင်ချန်း)၊ (ဒေါ်ရွှေကြည်)၊ ဒေါ်ရွှေဟာတို့၏အစ်မ၊ ဦးစန်းသက်ထွန်း၊ဒေါ်မှုံရီတို့၏အဘွားသည် ၁၀-၈-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၅း၄၅ နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၈-၂၀၀၄ရက်(ကြာသပတေးနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်ခန်းမဆောင်(၂)၌ ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးခင်မောင်
တွင်ကိုင်(၁)(ငြိမ်း)
ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်
အသက်(၇၉)နှစ်

ရန်ကုန်တိုင်း၊ အမှတ် ၂၀၅၊ ဆိပ်ကမ်းသာလမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်နေ ဒေါ်အုန်းတင်၏ခင်ပွန်း ဦးခင်မောင် ရာသက်ပန်အသင်းဝင် အမှတ်(၃၇၁)သည် ၉-၈-၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၁၁-၈-၂၀၀၄ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။အသင်းဝင်များပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့။

ဦးသိန်းသန်းထွန်း
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်)စံပြရပ်ကွက်၊ မင်္ဂလာသိဒ္ဓိလမ်း၊ အမှတ် ၄၄ နေ (ဗိုလ်မှူးလှဖေ-ဒေါ်မြကြွယ်)တို့၏သား၊ ဒေါ်ဥမ္မာ(အလပြ၊ အမက-၂၆၊ တာမွေ)၏ခင်ပွန်း၊ မောင်သူရထွန်း (Digital Wave)၊ မအိန္ဒြေလွင် (အဋ္ဌမတန်း-F၊ အထက-၂၊ ဗဟန်း)တို့၏ဖခင်၊ ဒေါ်ခင်အေးခိုင် (ဦးစီးအရာရှိ၊ ငြိမ်း၊ မကွေးတိုင်း သမဦးစီးဌာန)၊ (ဦးမျိုးမြင့်ဟိဏ်း)၊ ဒေါ်ခင်ဌေးလှိုင်(အလုံအချိုရည်စက်ရုံ)၊ဦးအောင်မျိုးမင်း (ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်)တို့၏ ညီ/မောင်၊ ဦးစိုးညွန့်လှိုင် (Mectronic GEP၊ ဒဂုံတောင်)၏အစ်ကိုသည် ၉-၈-၂၀၀၄ ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ဌာန၌ ကွယ်လွန်သွားပါ၍ ၁၁-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်လှ
(မိုးကုတ်ယောဂီ)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ် ၂၆၂/၂၈၆၊ အခန်း ၁၇၊ ကုန်ဈေးတန်းလမ်းနေ (ဒေါ်စိန်ရင်)၏ခင်ပွန်း၊ (ဦးကြည်)-ဒေါ်မြကြည်၊ ဦးမြတ်ထွန်း-ဒေါ်တင်နွဲ့၊ ဦးလှမြင့်-ဒေါ်ပြုံး၊ ဒေါ်ညွန့်စီ၊ ဒေါ်လှလှသန်း၊ ဒေါ်မြင့်မြင့်သန်းတို့၏ဖခင်၊ မြေး ၁၀ ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၉-၈-၂၀၀၄ရက် ညနေ ၄ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၁-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းမယ်တော်ကြီး
ဒေါ်ကြည် (မိုးကုတ်ယောဂီ)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရေတွင်းကုန်းရပ်ကွက်၊ ၁၂၁ လမ်း၊ အမှတ် ၂၈(A)နေ (ဆရာကြီးဦးကံစိန်)မိုးကုတ်ဓမ္မကထိက၏ဇနီး၊ ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဓမ္မဇေယျာ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တဥက္ကံသ (မြို့နယ်သံဃနာယက အကျိုးတော်ဆောင်ဆရာတော်)၏ ရဟန်းမယ်တော်၊ ဦးတင်ရွှေ၊ ဒေါ်အေးအေးသန့်တို့၏မိခင်၊ မခင်ခင်စိုး၊ကိုဝင်းဗိုလ်-မဆင့်ဆင့်ထွေးလွင်၊ ကိုထွန်းဝင်း-မမွန်မွန်အေး၊ မောင်ကျော်နိုင်စိုးတို့၏အဘွား၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၁၀-၈-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၆ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၂-၈-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှရွှေ
အသက်(၈၇)နှစ်

သုဝဏ္ဏမြို့၊ စုပေါင်းအိမ်ရာ၊ ခရေမြိုင်လမ်းသွယ်၊ အိမ်အမှတ် ၃၂/၂ နေ [ဒေါ်ခင်ဟိုး(ခ)ဒေါ်ခင်ခင်]၏ ခင်ပွန်း၊ မမာမာချို၏ဖခင်သည် ၁၀-၈-၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၈-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရီ (ညောင်လေးပင်မြို့)
အသက်(၈၄)နှစ်

ညောင်လေးပင်မြို့၊ မြို့မ(၁)ရပ်ကွက်၊ အာဇာနည်လမ်း၊ အမှတ် ၇ နေ (ဦးအုန်းမောင်၊ သတင်းစာကိုယ်စားလှယ်)၏ ဇနီး၊ မခင်ရဲဝင်း၊ မမြင့်မြင့်၊ မမြင့်မြင့်ရီ၊ ကိုမြင့်ဦး(ကြေးမုံသတင်းစာ ကိုယ်စားလှယ်)၊ကိုအေးချို(မူလတန်းပြ)-(မကြူကြူဝင်း)၊ ကိုဝင်းနိုင်၊ ကိုဌေးဝင်း(ပြန်/ဆက်ဦးစီးဌာန) - မကြည်ကြည်နွယ်တို့၏မိခင်၊မြေးနှစ်ယောက်တို့၏အဘွားသည် ၉-၈-၂၀၀၄ရက် (တနင်္လာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ညောင်လေးပင်မြို့ နေအိမ်မှ အရှေ့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးသာထွန်း
တပ်မတော်-ရေ(ငြိမ်း)
အသက်(၅၈)နှစ်

အမှတ်(၁)ရပ်ကွက်၊ မြင်းခြံမြို့နေ (ဦးမောင်ကို-ဒေါ်အုန်းမြင့်)-ဒေါ်အုန်းတင်တို့၏သား၊ (ဦးစံခင်)-ဒေါ်ထွန်းအေးတို့၏သားသမက်၊ စဉ့်ကိုင်မြို့နေ ဦးသန်းဟန်-ဒေါ်တင်မေတို့၏ မောင်၊ အမှတ် ၅၇၀၊ ရာဇကုမ္မာလမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဒေါ်သန်းသန်းစိန်၏ခင်ပွန်း၊ ဦးရွှေဝင်းမြင့်-ဒေါ်သီတာနွယ်၊ ဦးမောင်တာ-ဒေါ်နီလာနွယ်၊ မနီလာသန်း(ခ)မရှင်ပြုံးအိ၊ မောင်မြင့်သန်းထွန်း၊ မောင်အောင်ချမ်းမြင့်တို့၏ဖခင်၊ မစုလဲ့နွယ်၊ မောင်ဖြိုးသန်းကြွယ်တို့၏အဘိုးသည် ၉-၈-၂၀၀၄ရက် ည ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၈-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မြို့နယ်သံဃနာယကဩဝါဒါစရိယ
ဆားကန်ကျောင်းတိုက် ပဓာနနာယကဆရာတော်
ဘဒ္ဒန္တ သုနန္ဒ
သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဆားကန်ကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ဘဒ္ဒန္တ သုနန္ဒ အရှင်သူမြတ်သည် ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက် (၈-၈-၂၀၀၄ရက်) တနင်္ဂနွေနေ့ ည ၈း၅၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ ဥတုဇရုပ်ကလာပ်တော်ကို ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက် (၁၂-၈-၂၀၀၄ရက်) ကြာသပတေးနေ့ မွန်းလွဲ ၂ နာရီတွင် အန္တိမအဂ္ဂိဈာပန သာစုကီဌာနသဘင် ကျင်းပပူဇော်မည်ဖြစ်ပါ၍ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ။

ဒေါ်ရှော့ဝမ် (ပျော်ဘွယ်)
ခိုင်ရွှေဝါ အထည်ဆိုင်
(ဗိုလ်ချုပ်အောင်ဆန်းဈေး)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်လမ်းသွယ်(၃)၊ အမှတ် ၁၂ (ပထမထပ်)နေ (ဦးတိတ်လှျောင်)၏ ဇနီး၊ (ဒေါက်တာဖေဇော်)-ဒေါ်ခင်ခင်ထွေး၊ ဦးဟီရှောင်-ဒေါ်စန်းစန်းအေး၊ ဒေါ်မင်းခင်၊ (ဒေါ်မင်းတင်)၊ ဦးသိန်းနိုင်-ဒေါ်ခင်အေးမြင့်၊ ဦးသိန်းမြင့်-ဒေါ်သန်းသန်းဝင်း၊မမင်းမင်းစန်း(ခ)မင်းစန်း၊ မမင်းလီ၊ ဦးလင်ကြည်-ဒေါ်ခင်မာစန်း(ခ)စန်းချိုတို့၏မိခင်၊ မြေး ၁၈ ယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၈-၂၀၀၄ရက် မွန်းလွဲ ၁၂း၀၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးဆေးကုသဆောင်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရှော့ဝမ် (ပျော်ဘွယ်)
ခိုင်ရွှေဝါ အထည်ဆိုင်
(ဗိုလ်ချုပ်အောင်ဆန်းဈေး)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်လမ်းသွယ်(၃)၊ အမှတ် ၁၂ (ပထမထပ်)နေ (ဦးတိတ်လှျောင်)၏ ဇနီး၊ ဒေါက်တာခင်မောင်ဦး-ဒေါက်တာသင်းယုဇော်၊ ဒေါက်တာဇာနည်စိုး-မနှင်းနုဇော်၊ မဝင်းယုဇော်၊ ကိုစိုးသိန်း-မမင်းမင်းအေး၊ ဒေါက်တာဇော်မင်းလတ်-မမင်းမင်းသူ၊ မောင်ဇင်မင်းထက်၊ မဖြူဖြူနိုင်၊ မောင်လင်းထွန်းနိုင်၊ မောင်အောင်ဖြိုးနိုင်၊ မောင်စိုးစံမြင့်၊ မနှင်းယုထွေး၊ မကေဇင်ဖြူနှင်း၊ မောင်ဇော်နောင်ထက်၊ မနှင်းနန္ဒာအောင်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၈-၂၀၀၄ရက် မွန်းလွဲ ၁၂း၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးဆေးကုသဆောင်၌ကွယ်လွန်သွားပါသဖြင့်၁၂-၈-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမြေးတစ်စု။

ကျောင်း၊ရဟန်းဒါယကာ
ဦးအောင်သန်း
(အလုံမြို့နယ်၊ရွှေပြည်သာမြို့နယ်)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆဒ္ဒန်လမ်း၊ အမှတ် ၈ (သုံးလွှာ၊ ဘီ)နှင့် ရွှေပြည်သာမြို့နယ်၊ (ဏ/၁၄)ရပ်ကွက်၊ အောင်စေတနာလမ်း၊ ပန်းခြံ ၅၊ အမှတ် ၁၁၉၇(ခ)နေ (ဦးကျင်ခြူး - ဒေါ်သိန်း)တို့၏သား၊ (ဦးဘဦး - ဒေါ်ကလေးမ)တို့၏သားသမက်၊ လသာမြို့နယ်၊ ၁၇ လမ်းနေ ဒေါ်ရှုခင်၏တူ၊ ဒေါ်တင်(ခ)ဒေါ်တင်တင်အောင်၏ခင်ပွန်း၊ အလုံမြို့နယ်၊ ကမ်းနားလမ်းနေ (ဒေါ်ကြင်ပိုင်)၏ မောင်၊ ဦးချစ်-ဒေါ်သန်းသန်းတို့၏ အစ်ကို၊ ဦးအောင်ညွှန့်-ဒေါ်မြတ်မော်ဦး (ခ)မတူးပို့၊ ဦးကျော်သူ(ကိုကျော်သူကားဘော်ဒီဆေးမှုတ်လုပ်ငန်း)-ဒေါ်ငွေဘော်၊ (ဦးသိန်းစိုး) - ဒေါ်သင်းသင်းအောင်၊ (ဦးခင်စိုး) - ဒေါ်စိုးစိုးအောင်၊ ဦးတင်ကိုကို(ခ)ကိုငယ်လေး-ဒေါ်ဥမ္မာရီ၊ ဦးမြင့်အေး-ဒေါ်မြင့်မြင့်ခိုင်၊ ဦးမြင့်ဇော်-ဒေါ်ထွေးထွေးလွင်တို့၏ဖခင်၊ မြေး ၁၇ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၉-၈-၂၀၀၄ရက်တွင် နား၊ နှာခေါင်း၊လည်ချောင်းအထူးကုဆေးရုံကြီးတွင် ကွယ်လွန်သွားပါ၍ ၁၁-၈-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)
ဦးကျော်သိန်း
ရာသက်ပန်အသင်းဝင်
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ၂၆၅၊ ပြည်လမ်းနေ(ဦးဘိုးသီ-ဒေါ်စောတင်)တို့၏သား၊ (ဒေါ်ညွန့်ကြည်)၏ခင်ပွန်းသည် ၉-၈-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၈-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့။

ဒေါ်ကြည်ကြည် (တောင်ငူမြို့)
(အိုင်ဘီပီ ကိုယ်စားလှယ်)
အသက်(၇၇)နှစ်

တောင်ငူမြို့၊ အမှတ် ၈/၂၃၊ စတီးလမ်းနေ ဦးလှအောင်၏ဇနီး၊ (ဦးအောင်ကြည်-ဒေါ်သန်းမေ)၊ (ဒေါက်တာဦးသာဒွန်း-ဒေါက်တာဒေါ်လှလှ)၊ (ဒုတိယဗိုလ်မှူးကြီးအောင်စိန်)-ဒေါ်ခင်စောလှိုင်၊ (ဗိုလ်မှူးမြတ်မင်း) - ဒေါ်မြစိန်တို့၏ညီမ၊ (ဒုတိယဗိုလ်မှူးကြီးကျော်မင်းဦး)-ဒေါ်ခင်သက်မူ၊ ဗိုလ်မှူးကြီးသောင်းညွန့်(ငြိမ်း) - ဒေါ်ညွန့်ညွန့်ရှိန်းတို့၏အစ်မ၊ တူ တူမ ၂၃ ယောက်တို့၏အဒေါ်သည် ၉-၈-၂၀၀၄ရက် နံနက် ၈း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ငူမြို့အနောက်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမောင်နှမများ။

ဦးကျော် (မင်းကင်း)
(ရွှေမန်းရုပ်ရှင်ရုံ၊ ငြိမ်း)
အသက်(၇၁)နှစ်

မင်းကင်းမြို့နေ (ဦးဟောမာန်-ဒေါ်စိန်ညွန့်)တို့၏သား၊ ဦးသန်း၊ ဒေါ်သန်းနွဲ့တို့၏ညီ/မောင်၊ ဦးသန်းဆွေ(ဦးခေမာ)၏အစ်ကို၊ ရန်ကုန်တိုင်း၊ အမှတ် ၄၉၂၊ (၁၁)ရပ်ကွက်၊ ရတနာလမ်း၊ တောင်ဥက္ကလာပမြို့နယ်နေ [ဒေါ်အုံးကြည်(ခ)ဒေါ်ကြည်ကြည်ခင်]၏ခင်ပွန်း၊ ဦးတင်အောင်(မန်နေဂျာ၊ စီးပွားရေး၊ မြန်မာ့လေကြောင်း)-ဒေါ်ခင်ပြုံးရီ၊ ဦးထွန်းအောင် (MPA) - ဒေါ်အေးအေးမာ၊ ဦးမောင်မောင်ဦး - ဒေါ်စန်းစန်းဌေး (အလက-၂၊ သာကေတ)၊ ဦးသာပိုး-ဒေါ်ခင်ခင်ကြည်၊ ဒေါ်ဥမ္မာရီ၊ ဒေါ်သူဇာရီ(အထက-၂၊ တ/ဥ)၊ ဦးကျော်စိုးမိုး၊ ဒေါ်ထိုက်ထိုက်လင်း (နည်းပြ၊ ဝါဏိဇ္ဇဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏ဖခင်၊ ဗိုလ်လောင်းထူးအိမ်လွင် (စတုတ္ထနှစ်၊ တပ်မတော်နည်းပညာတက္ကသိုလ်)၊ မလဲ့လဲ့ဝတ်ရည် (TTC၊ ကမာရွတ်)၊ မလဲ့လဲ့ဝင်းမာ၊ မောင်သက်နိုင်ဇော်တို့၏ အဘိုးသည် ၉-၈-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၁-၈-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မာန်အောင်မြို့နယ်အသင်း
ဦးထွန်းကြည်
မာန်အောင်မြို့နယ်အသင်းအမှုဆောင်
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ စေတနာသုခလမ်း၊ အမှတ် ၈၄ နေ ဒေါ်အောင်တင်၏ခင်ပွန်းသည် ၇-၈-၂၀၀၄ရက် ည ၁၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ အသင်းသူ/သားများ လိုက်ပါပို့ဆောင်ကြပါရန်။(အသင်းမှကားများ အထက်ပါနေအိမ်မှ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ **R. 488**

မြန်မာနိုင်ငံ၏ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်နှင့် ဖြစ်ပေါ်တိုးတက်မှုများရှင်းလင်း ဗီယက်နမ်အပါအဝင် အာဆီယံနိုင်ငံများမြန်မာနိုင်ငံကို ထောက်ခံအားပေး၍ကျေးဇူးတင် အာဆီယံနိုင်ငံများ၏ စည်းလုံးညီညွတ်ရေး၊ ဒေသတွင်းဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး မြန်မာနိုင်ငံက ကျန်အဖွဲ့ဝင်နိုင်ငံများနှင့်အတူ အစွမ်းကုန်ပူးပေါင်းဆောင်ရွက်လျက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

ဗီယက်နမ်နိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေးကာလ မြန်မာနိုင်ငံ၏ကူညီထောက်ခံမှု အမြဲသတိရ မိမိတို့နှစ်နိုင်ငံအကြား လက်ရှိပူးပေါင်းဆောင်ရွက်မှုများအပေါ် များစွာအားရကျေနပ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ချမှတ်ထားသောမူဝါဒများ မိမိတို့ထောက်ခံ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သွေးစည်းညီညွတ်မှု ပိုမိုခိုင်မြဲစေရန် မိမိတို့နှစ်နိုင်ငံကြိုးပမ်းမည်

ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်

ရန်ကုန် ဩဂုတ် ၁၀

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့လည်းကောင်း ချစ်ကြည်ရေးခရီးလည်ပတ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင် ဝန်ကြီးများလိုက်ပါလျက် သုံးနိုင်ငံချစ်ကြည်ရေးခရီးစဉ်၏ အစဖြစ်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ သွားရောက်လည်ပတ်ရန် ဩဂုတ် ၉ ရက် နံနက် ၇ နာရီခွဲတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ နွိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။ **စာမျက်နှာ ၇ ကော်လံ ၁** ■

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင် ခေါင်းဆောင်သောအဖွဲ့ဝင်များ ဟနွိုင်းမြို့ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း

သတင်း ဆောင်းပါး အညွှန်း

အိုင်အိုဒင်းချို့တဲ့မှု ကာကွယ်နည်းမှာ အိုင်အိုဒင်းချို့တဲ့ဒေသများတွင် အစားအစာများကို အိုင်အိုဒင်းဖြည့်ပေးခြင်း၊ စားပင်သီးပင်များကို အာဟာရဖြစ်အောင် စိုက်ပျိုးခြင်း၊ အာဟာရမျှတအောင် စားသောက်ခြင်းဖြစ်သည်။ အိုင်အိုဒင်းဆား စားသုံးခြင်းအားဖြင့် အိုင်အိုဒင်းချို့တဲ့မှုကို ကာကွယ်ပြီး ကာယ၊ ဉာဏ ဖွံ့ဖြိုးတိုးတက်စေပါသည်။

ယုဝတီခင်ဦး၏ "ဉာဏ်ရည် ဉာဏ်သွေးထက်မြက်လိုပါလျှင်" ဆောင်းပါး စာ-၁၀